ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (5-6-2012) (၇၁၄၂)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအား ဗြိတိန်အထက်လွှတ်တော်အမတ် တွေ့ဆုံ

# မြန်မာနိုင်ငံ၏ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် မည်သို့မည်ပုံ ပံ့ပိုးကူညီနိုင်မည့်အခြေအနေများ ဆွေးနွေး

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Lord Powell နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



နေပြည်တော် ဇွန် ၄

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Lord Powell သည် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးခင်မောင်စိုး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဥရောပခရီးစဉ်သွားရောက်သည့်ကာလအတွင်း ဗြိတိန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားကာ မြန်မာနိုင်ငံ၏ ပညာရေး၊ စီးပွားရေးစသည့် ကဏ္ဍများတွင် ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဗြိတိန်စီးပွားရေးလုပ်ငန်းများအနေဖြင့် မည်သို့မည်ပုံ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့လွှတ်တော်ဆိုင်ရာ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

**"ကျွန်တော်တို့နိုင်ငံသားတွေ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေကို အပြည့်အဝရရှိဖို့ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီတွေမှာ တာဝန်ရှိပါတယ်။ ပြီးတော့လည်း ဒီဦးဆောင်မယ့်ပုဂ္ဂိုလ်တွေ ကိုယ်တိုင်က စံနမူနာပြနေထိုင်လုပ်ကိုင်ကြဖို့ လိုပါတယ်"**

မောင်အေးချမ်း (ဟားဗတ်တက္ကသိုလ်)၏

**မြန်မာ့မျှော်လင့်ချက်ခေါင်းဆောင်ကြီးများသို့**

ဆောင်းပါး စာမျက်နှာ ➤➤ ၈၊ ၉

နိုင်ဂျီးရီးယား၌ လူနေရပ်ကွက်အပေါ် လေယာဉ်ပျက်ကျမှုကြောင့် ၁၅၃ ဦးသေဆုံး နှစ် ၂၀ နီးပါးအတွင်း နိုင်ငံ၏ အဆိုးရွားဆုံး လေကြောင်းမတော်တဆမှုဖြစ်

နိုင်ငံတကာသတင်း စာမျက်နှာ ➤➤ ၄

တစ်ယောက်လျှော့ ချင်းယူနိုက်တက်ကို ခက်ခဲစွာအနိုင်ကစားခဲ့ရသည့် ရောဝတီ

အားကစားသတင်း စာမျက်နှာ ➤➤ ၁၀

## အရေးပေါ်ပြုစုကုသမှုသည် ပြည်သူအားလုံး အချိန်အခါ၊ နေရာမရွေးရရှိနိုင်သည့် အခွင့်အလမ်းရှိရန်လို ဆေးရုံမရောက်မီ အရေးပေါ်အသက်ကယ်ခြင်းသည် မသေသင့်သူများ၏ ၄၀ ရာခိုင်နှုန်းကို အသက်ရှင်အောင် ကူညီနိုင်

နေပြည်တော် ဇွန် ၄

**နိုင်ငံပိုင်ဆေးရုံကြီးများ၏ စာရင်းဇယားအရ ဆေးရုံတက်ရောက်သူများ၏ ၃၅ ရာခိုင်နှုန်းကျော်သည် အရေးပေါ်ပြဿနာများကြောင့်ဖြစ်ပြီး သေဆုံးရခြင်းအကြောင်းရင်း၏ ၅၀ ရာခိုင်နှုန်းခန့်သည်လည်း အရေးပေါ်ကျန်းမာရေးအခြေအနေကြောင့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စနစ်တကျ စီမံဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် Pre- Hospital Care System ကြောင့် ဆေးရုံမရောက်ခင် အရေးပေါ်ပြုစုကုသမှုအားနည်းခြင်း၊ ဖွံ့ဖြိုးပြီးအဆင့်အတန်းမြင့်မားသည့် အရေးပေါ်ကုသမှုဌာနများ၊ အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်းများ နည်းပါးနေခြင်းတို့ကြောင့် အချိန်မီအသက်ကယ်တင်နိုင်ရမည့်လူများကို မကယ်တင်နိုင်ဘဲ ဆုံးရှုံးမှုရှိနေသေးသည်ကိုလည်း ကြားသိနေရကြောင်း။**

Emergency Medical Care သည် Clinical Setting နှင့် Community Setting အတွက်မှာပါ ပြည်သူအားလုံး အချိန်အခါမရွေး၊ နေရာမရွေး အချိန်မီရရှိခံစားနိုင်သည့် အခွင့်အလမ်းရှိရန် လိုအပ်ကြောင်း၊ ဤအကျိုးခံစားခွင့်ကို ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဆေးပညာနှင့် နီးနွယ်ဝန်ထမ်းအားလုံးက ဖြည့်ဆည်းပေးရန် တာဝန်ရှိပါကြောင်း၊ ဆေးရုံမရောက်မီ အရေးပေါ်အသက်ကယ်ခြင်းသည် မသေသင့်သူများ၏ ၄၀ ရာခိုင်နှုန်းကို အသက်ရှင်အောင် ကူညီနိုင်သကဲ့သို့ Structured Hospital Emergency Service သည်လည်း ဆေးရုံရောက်ပြီး မသေသင့်သည့် လူနာများ၏အသက်ကို ကယ်တင်နိုင်စွမ်းရှိကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဇွန် ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော် လမ်းရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန် စာတမ်းဖတ်ခန်းမ၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် Austrosia တက္ကသိုလ်တို့၏ သဘောတူနားလည်မှုအရ ပူးပေါင်းဖွင့်လှစ်သော Diploma in Emergency Medicine သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခေတ်မီတိုးတက်သည့် ဆေးပညာရပ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**





**ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဖေသက်ခင် Diploma in Emergency Medicine သင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၅-၆-၂၀၁၂[အင်္ဂါနေ့]။

# လူသားနှင့် ပတ်ဝန်းကျင်

တစ်ကမ္ဘာလုံးတွင် သစ်ပင်စိုက်ပျိုးကြရန် နှိုးဆော်တိုက်တွန်းနေကြပြီ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် လုပ်ကိုင်နေကြပေပြီ။ အဘယ်ကြောင့် ယင်းသို့ သစ်ပင်စိုက်ပျိုးမည့်ကိစ္စကို အရေးတယူလုပ်နေကြပါသနည်း။ ဆန်းစစ်ကြည့်သည့်အခါ သစ်တောများပြုန်းတီး၍ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာသည့်အခါ ရာသီဥတုပြောင်းလဲလာသည်။ ကမ္ဘာကြီးပူနွေးစေသည့် ကာဗွန်ထုတ်လွှတ်မှု၏ ၂၀ ရာခိုင်နှုန်းသည် သစ်တောများပြုန်းတီးမှုမှ ဖြစ်ပေါ်နေသည်။ သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းနိုင်လျှင် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်မည်ပင်။

နေရောင်ခြည်အပူရှိန်ကို ကာကွယ်ပေးနိုင်မည့်အိုဇုန်းလွှာများ ပါးလာသည့်အခါ ကမ္ဘာကြီး တစ်စတစ်စပူနွေးလာသည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းခြင်း၏ အကျိုးဆက်အဖြစ် ရာသီဥတုဖောက်ပြန်မှုများ ရင်ဆိုင်လာကြရသည်ကို တွေ့မြင်နေရပြီ။ သစ်ပင်များများ စိုက်ပျိုးခြင်းသည် ကမ္ဘာကြီး အပူရှိန်တက်လာခြင်းကို ရေဖတ်တင်ပေးသည်နှင့်တူသည်ဟု ပြောနိုင်သည်။ သစ်တောတစ်ဧကစိုက်ခြင်းသည် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၂ ဒသမ ၅တန်ကို စုပ်ယူနိုင်သည်။ ယင်းအကျိုးသက်ရောက်မှုကြောင့် တစ်ကမ္ဘာလုံးက သစ်ပင်စိုက်ပျိုးကြရေး အလေးထားလုပ်ဆောင်နေကြခြင်းဖြစ်သည်။

လူသားတို့၏ ကမ္ဘာမြေဝန်းကျင်တွင် လေထု၊ ရေထုတို့ ဝန်းရံလျက်ရှိရာ အပူအအေး ညီညွတ်မျှတနေသမျှ၊ သစ်ပင်တောတောင်များ ပြုန်းတီးမှုမရှိသမျှ၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုမရှိသမျှ လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့သည် ထာဝရ သဟဇာတဖြစ်နေမည်သာ။ သဘာဝပတ်ဝန်းကျင်မှ လူသားတို့အတွက် လိုအပ်သည့်အစားအစာ၊ အသုံးအဆောင်ပစ္စည်းများကို မျှတညီညွတ်စွာ ထုတ်ယူသုံးစွဲနိုင်ကြမည်သာ။

သို့သော် လူသားတို့၏ ထိန်းသိမ်းမှုကင်းမဲ့သော ပြုမူလုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်သည် ပို၍မြန်ဆန်စွာ ယိုယွင်းလာလျက်ရှိသည်။ ယင်းသို့ ပျက်ယွင်းလာမှုများတွင် လေထုညစ်ညမ်းမှု၊ အိုဇုန်းလွှာပျက်စီးလာမှု၊ ရေသယံဇာတလျော့နည်းလာမှုနှင့် ညစ်ညမ်းမှု၊ အက်စစ်မိုးရွာသွန်းမှု၊ ပင်လယ်သမုဒ္ဒရာများ ညစ်ညမ်းလာမှု၊ မြေသားမြေဆီလွှာပျက်စီးမှုနှင့် တိုက်စားခံရမှု၊ ကန္တာရဖြစ်လာမှု၊ သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပျောက်ကွယ်လာမှုစသည်တို့ကို အထင်အရှားတွေ့နေကြရပြီဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ ယခုအခါ အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်ရေး အင်တိုက်အားတိုက် ကြိုးပမ်းလျက်ရှိရာ နှစ်ကာလများစွာ ခြောက်သွေ့ခဲ့ရသည့်ဒေသများပင် စိမ်းလန်းစိုပြည်လာပြီဖြစ်သည်။ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ယခုထက် တိုးချဲ့စိုက်ပျိုးလာနိုင်လျှင် ကောင်းပေစွ။

မြန်မာ့ရေမြေပေါ်တွင် မှီတင်းနေထိုင်သူတိုင်းသည် မြန်မာ့သဘာဝပတ်ဝန်းကျင် အကျည်းတန်စေသည့်လုပ်ရပ်များကို ရှောင်ကြဉ်ကြရန်လိုသည်။ ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်ဒေသရှိ ပတ်ဝန်းကျင်ကောင်းခြင်း ဆိုးခြင်းသည် ကိုယ့်တာဝန်ဖြစ်လာသည်ကို သတိပြုကြရပေမည်။ သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ သားငှက်နှင့် တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲများ ဂေဟစနစ်တည်ငြိမ်မှုကို အကျိုးပြုသည်။ ကမ္ဘာကြီး ပူနွေးမှုကို လျှော့ချရန် မြို့ပြကျေးရွာ နေရာဒေသတိုင်းတွင် သစ်ပင်စိုက်ကြရပါမည်။ လူတိုင်းလူတိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာ၊ စိတ်ကောင်းစေတနာ အမြော်အမြင်ဖြင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုမရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း ရှုမြင်မိပါသည်။ ။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် တက္ကသိုလ်အဆင့် ကွန်ပျူတာပိုစတာပြိုင်ပွဲဝင် ၁၄ ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင် ၁၅ ဦး၊ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင် ၂၀ စုစုပေါင်းပြိုင်ပွဲဝင် ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် အမြန်ရထားပေါ်တွင် သားရတနာဖွားမြင်

**ရန်ကုန် ဇွန် ၄**

ဇွန် ၂ ရက်က အမှတ်(၆)အစုန် မန္တလေး-ရန်ကုန်အမြန်ရထား ရိုးရိုးတန်းတွဲနံပါတ် (၂)၊ ထိုင်ခုံနံပါတ် (၂၃-၂၄)၌ လိုက်ပါလာသည့် နေပြည်တော်မှ ရန်ကုန်သွားခရီးသည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အဆင့်မြင့်အိမ်ရာ (၆)ရပ်ကွက် သမာဓိလမ်းနေ ကိုကျော်ငွေး၏ ဇနီး မမို့မို့ဝင်းသည် နံနက် ၄ နာရီ မိနစ် ၂၀တွင် ရထားပေါ်၌ သားရတနာ ဖွားမြင်ခဲ့သည်။

မမို့မို့ဝင်းနှင့်ကလေးတို့အား ပဲခူးဘူတာ၌ ရုံပိုင်ချုပ် ဦးဆန်းဝင်းနှင့် မြန်မာ့မီးရထားဝန်ထမ်းများ၊ ရထားဆေးခန်းမှ သူနာပြုဆရာမနှင့် ရထားရဲတပ်ဖွဲ့ဝင်များက ပြုစုစောင့်ရှောက်၍ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ နံနက် ၅ နာရီခွဲတွင် ပို့ဆောင်ပေးခဲ့ကြသည်။

မမို့မို့ဝင်းနှင့်ကလေးတို့အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မြန်မာ့မီးရထား တိုင်းအမှတ်(၆)နှင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



## ရဲတပ်ဖွဲ့ဝင်မိသားစုများအတွက် ပညာသင်စရိတ်ထောက်ပံ့

**ပျဉ်းမနား ဇွန် ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားရဲတပ်ဖွဲ့စခန်း ရဲတပ်ဖွဲ့ဝင်မိသားစုများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ပျဉ်းမနားရဲတပ်ဖွဲ့စခန်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဇွန် ၃ ရက်ကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းမြင့်က တက်ရောက် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တပ်ဖွဲ့ဝင်မိသားစုများ၏ ရင်သွေးငယ်များဖြစ်ကြသော အထက ကျောင်းသား ရှစ်ဦး၊ အလကကျောင်းသား ၂၇ ဦး၊ အမကကျောင်းသား ၄၀ တို့အတွက် ပညာသင်စရိတ် ငွေကျပ် ၄၅၈၇၀၀အား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၁၀၇)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၆-၂၀၁၂ (အင်္ဂါနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၇း၁၅ | ဓမ္မပူဇာတေး |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၆)** |
| ၆း၂၅ | Guide for You |
| ၆း၃၀ | အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်နိမိတ်နှင့်သက်ကယ်မား(အပိုင်း-၅)** |
| | -ဟာသရုပ်စုံ |
| | -မွေးမြူသုတ |
| | -သီချင်းလက်ဆောင် |
| | -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ "(အပိုင်း-၂၀)** |
| | -Mini Series |

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄ - ၆ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၄၂. ၀၀၀ | ၀. ၀၀၁၁၉ |
| ထိုင်း (ဘတ်) | ၃၁. ၅၅၅၀ | ၀. ၀၃၁၆၉ |
| တရုတ် (ယွမ်) | ၆. ၃၆၅၀၉ | ၀. ၁၅၇၁၁ |
| အိန္ဒိယ(ရူပီး) | ၅၅. ၄၄၇၈ | ၀. ၀၁၈၀၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၂၀၁၆၀ | ၀. ၃၁၂၃၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၉၇၂ | ၀. ၇၇၅၃၆ |
| ဂျပန် (ယန်း) | ၇၈. ၀၁၅၆ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၂. ၀၇ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၈၀၅၁၀ | ၁. ၂၄၂၀၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၅၀၆၈ | ၁. ၅၃၆၈၄ |

***အင်တာနက်။***

## အရာထမ်း / အမှုထမ်းများအား ဆန်နှင့်ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇွန် ၄**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တိုက်ကြီးမြို့တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၁၂ ခုနှစ် နွေရာသီ၌ ကျောင်းပိုင်လယ်မြေဧက ၅၀၀တွင် ပုလဲသွယ်စပ်မျိုး စပါးစိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး ထွက်ရှိသော ပုလဲသွယ်စပါးများမှ ရရှိသည့် အကျိုးအမြတ်ငွေနှင့် ပုလဲသွယ်ဆန်ကို ကျောင်းရှိအရာထမ်း၊ အမှုထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်ဗိုလ်က အမှာစကားပြောကြားပြီး သင်တန်းမှူး၊ သင်တန်းနည်းပြအရာထမ်း၊ အမှုထမ်း ၅၈ ဦးတက်ရောက်ကြသည်။ ကျောင်းရှိအရာထမ်း၊ အမှုထမ်းများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ပုလဲသွယ်ဆန်ခြောက်ပြည်နှုန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (၅၂၆)

**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဈ-ရပ်ကွက်၊ ဖြူစင်မေတ္တာ နာရေးကူညီစောင့်ရှောက်မှုအသင်းက ကြီးမှူး၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၁၂၀ အား ပညာသင်ကြားခွင့်အတွက် ကျောင်းအပ်နှံပေးခြင်းနှင့် ပုံနှိပ်စာအုပ်အပါအဝင် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲတွင် အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



## ဆီစားနှုန်းသက်သာ၊ ဈေးနှုန်းချိုသာသော HAIMA မော်တော်ယာဉ်များရောင်းချ

**မန္တလေး ဇွန် ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားပြီး ဆီစားနှုန်းသက်သာ၊ အရည်အသွေးမြင့်၊ ဈေးနှုန်းချိုသာသော HAIMA မော်တော်ကားများ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာသည်။ HAIMA မော်တော်ကားများအား ခရီးမိုင်တစ်သိန်း၊ သုံးနှစ်အာမခံဖြင့် Service စင်တာ၊ ယာဉ်အပိုပစ္စည်းဆိုင်တို့နှင့် ပူးတွဲဖွင့်လှစ်ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံသို့ ပထမဆုံးတင်သွင်းသော HAIMA-1 (1050 cc), HAIMA-2 (1300 cc), HAIFU XING(1300 cc ), F Star (1300cc) ကားများ ရောက်ရှိနေပြီး ဒုတိယသုတ်ကားများလည်း ရောက်ရှိရန်ရှိသည်။

HAIMA ကားကုမ္ပဏီသည် ဂျပန် MAZADA ကုမ္ပဏီနှင့် ပူးတွဲထုတ်လုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံ ၄၅ နိုင်ငံ၌ ကုမ္ပဏီရုံးခွဲများဖွင့်လှစ်ထားသည်။ HAIMA ကုမ္ပဏီက တစ်နှစ်လျှင် ကားစီးရေ ၆၀၀၀၀၀ ထုတ်လုပ်ပြီး ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများသို့ စီးရေ ၃၇၀၀၀၀ ရောင်းချခဲ့သည်။ **(အောက်ပုံ)**

လိုင်စင်ပါ ဝယ်ယူသူအမည်ပေါက် HAIMA မော်တော်ယာဉ်တစ်စီးလျှင် အနိမ့်ဆုံးကျပ် ၁၃၅ သိန်းမှ ပုံစံအလိုက် အမြင့်ဆုံး ကျပ်သိန်း ၂၀၀ ကျော်ဖြင့် ရောင်းချပေးလျက်ရှိရာ HAIMA မော်တော်ကား အရောင်းပြခန်းသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (၆၅၃)



☆ ရှေ့ဖုံးမှ

အရည်အသွေးများ ဟန်ချက်ညီညီတိုးတက်စေရန် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းတွင် Emergency Medicine ၏ သဘောတရားနှင့် ခံယူချက်များ၊ လုပ်ငန်းစဉ်များ၊ ပြောင်းလဲကျင့်သုံးလာသည့် စီမံခန့်ခွဲမှုနည်းစနစ်များ၊ အသက်ကယ်ခြင်းအတွက် လက်တွေ့ကျွမ်းကျင်မှု စသည်များကို အတွေ့အကြုံကြွယ်ဝသည့် နိုင်ငံတကာမှဆေးပညာရှင်များ၊ ပြည်တွင်းမှဆေးပညာရှင်များပါ ပူးပေါင်းညှိနှိုင်းပြီး အဆင့်မြင့်မြင့် လေ့ကျင့်သင်ကြားပို့ချကြမည်ဖြစ်၍ ပညာရပ်အနေဖြင့် တန်ဖိုးရှိရုံသာမက နိုင်ငံနှင့်ပြည်သူများအတွက်လည်း အလွန်အကျိုးရှိသည့် သင်တန်းဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဝမ်းသာပီတိဖြစ်မိကြောင်း။

သင်တန်းသား ဆရာဝန်များအနေဖြင့် ယခုကဲ့သို့ ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်သင်တန်းတစ်ခုကို တက်ရောက်ခွင့်ရရှိအောင် အချိန်ယူပြီး ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးပညာရှင်များနှင့် မိမိတို့နိုင်ငံအနေဖြင့် ပြည်သူအပေါ် စေတနာထားအချိန်ပေးပြီး လာရောက်သင်ကြားပို့ချပေးကြသည့် နိုင်ငံတကာဆေးပညာရှင်များ၏ စေတနာနှင့် လုပ်အားကို အသိအမှတ်ပြုရန်နှင့် ပြည်သူတို့၏လိုလားတောင့်တချက်များ၊ ရပိုင်ခွင့်များ၊ ခံစားခွင့်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးရန်တာဝန်ရှိကြောင်းကို သဘောပေါက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအေဂျင်စီ ပထမအတွင်းဝန် (ဖွံ့ဖြိုးတိုးတက်ရေးကူညီထောက်ပံ့မှု) Ms. Shaanti Sekhon ကလည်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး Australia နိုင်ငံနှင့် Hong Kong တို့မှ ကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့ သင်တန်းပို့ချပြီး သင်တန်းသို့ ဘာသာရပ်နယ်ပယ်အသီးသီးမှ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပြီးသူ ၁၈ ဦး တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်စာသင်ဆောင် (အေ)၌ ဆေးတက္ကသိုလ်(၁)/(၂)မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကနှင့် သင်ကြားရေးဆရာဝန်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ သင်ကြားရေးဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံပြီး ဆရာဝန်ကြီးများအနေဖြင့် ပြည်သူလူထုအား ပိုမိုကောင်းမွန်ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးကြိုးစားဆောင်ရွက်ကြရန်၊ မိမိတို့၏ အရည်အသွေးနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမြဲတစေပြည့်စုံအောင် လေ့လာသင်ယူကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် အဆိုပါစာသင်ဆောင်၌ လက်ထောက်ကထိကများ၊ သရုပ်ပြဆရာများ၊ ဆရာဝန်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ လက်ထောက်ဆရာဝန်များနှင့် လည်းတွေ့ဆုံပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာသမားများ၊ အထက်ရာထူးကြီးသူများထံမှ ပညာရပ်ကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြပြီး ငယ်သူများအား ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုကို သင်ကြားပေးနိုင်ရန်နှင့် ရွယ်တူတန်းတူ လုပ်ဖော်ကိုင်ဖက်များအား မျှဝေနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၄**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ အုတ်ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ မြို့သစ်ရပ်ကွက် လမ်းကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ ခေမာသီရိရပ်ကွက်ရှိ လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ မြို့သစ်ကြီးရပ်ကွက် လမ်းသွယ်(၁၈) ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘိုးဘွားရိပ်သာအဆောက်အအုံ၊ ရန်ကြီးအောင်ရပ်ကွက်ရှိ ၆၆ ကေဗွီအေ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ သီတာရပ်ကွက် ဧရာဝတီမြစ်ဘေး မြေထိန်းနံရံ တည်ဆောက်ထားမှုနှင့် တပ်ကုန်း အင်ဂျန်ဒုံရပ်ကွက်၌ ၆၆ ကေဗွီအေ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယမိုက်+ပဋ္ဌာန်းအထူးသင်တန်းကြီး သင်တန်းဆင်း

**ရန်ကုန် ဇွန် ၄**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရာမပရိယတ္တိစာသင်တိုက်၏ (၁၉)ကြိမ်မြောက် နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်းအထူးသင်တန်းကြီး၏ သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက်ရှိ အာဟာရဒါယီ နှစ်ထပ်ဆွမ်းစားကျောင်းတွင် ကျင်းပရာ အခမ်းအနားမှူးအဖြစ် နိုင်ငံတော်သာသနာ့တက္ကသိုလ် (ရန်ကုန်) တွဲဖက်ပါမောက္ခ ဦးစံသင်းလှိုင်က ဆောင်ရွက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပေးသည်။

သင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၂၇ ရက်အထိ ရဟန်းသာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ် ၅၀၀ ကျော်တို့အား ဖွင့်လှစ်ပို့ချခဲ့ပြီး အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းဆရာတော် တွဲဖက်အကျိုးတော်ဆောင် မိတ္ထီလာဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းတိုက်ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့များနှင့် အလှူရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၆၈၄)

## အားကစားနှင့် ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၄**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ကာယပညာသိပ္ပံ အားကစားခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် မန္တလေးတိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် အလှူရှင် ကိုးဦးတို့က ငွေကျပ် ၃၁ သိန်းကို ပေးအပ်လှူဒါန်းကြပြီး အဆိုပါသင်တန်းတွင် အားကစားနည်း ၂၂ နည်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အားကစားနည်းအလိုက် သင်တန်းတက်ရောက်ကြမည့် အထက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၂၇၃ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## အင်ဂျင်နီယာဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၄**

နိုင်ငံတော်အတွက်၊ ကော်မတီအတွက် ယုံကြည်အားကိုးရသည့်၊ ထက်မြက်အားထားရသည့် လူသားအရင်းအမြစ်များဖြစ်လာရန် အစွမ်းကုန်ကြိုးစားသွားကြရေး၊ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဝန်ထမ်းကောင်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြရေး စသည်ဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသော အင်ဂျင်နီယာဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ပြောကြားသည်။**(အောက်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)





## ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်း မှတ်ပုံတင်အခမဲ့ပြုလုပ်ပေး

**ရွှေဘို ဇွန် ၄**

ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းမြင့်နှင့် မြို့နယ်ဦးစီးဌာနမှူး (ဦးစီးအရာရှိ) ဦးသန်းဝင်းဦး ပါဝင်သောအဖွဲ့သည် ဇွန် ၂ ရက် နံနက် ၁၀ နာရီက ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းသို့ သွားရောက်ပြီး မိုးပွင့်အဆင့် (၃) စီမံချက်နှင့်အညီ မှတ်ပုံတင်မပြုလုပ်ရသေးသော ကျောင်းသား ၄၅ ဦးတို့အား မှတ်ပုံတင်ကတ်များ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ (၅၇၂)

## အလက(၂) ပျဉ်းမနား ကျောင်းဆောင်သစ် ပန္နက်တင်

**ပျဉ်းမနား ဇွန် ၄**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်အုပ်စု သာဇံရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ ထပ်တိုးကျောင်းဆောင်သစ်ပန္နက်တင် မင်္ဂလာအခမ်းအနားအား မေ ၃၀ ရက် နံနက် ၁၁ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယခုဆောက်လုပ်သည့် ကျောင်းဆောင်သစ်အား အလှူရှင် ဦးမြင့်စိုး-ဒေါက်တာမြဇင်ဇင်ထွန်း၊ သမီး မကြည်စင်ရွှန်းလတ်ထွန်း မိသားစုက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဇွန်လကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

(၆၈၈)



**မေ ၂၇ ရက်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီနှင့် အောင်စည်းစိမ် ကျောက်မျက်ရတနာကုမ္ပဏီတို့မှ ကြီးမှူးကျင်းပခဲ့သော "ကျေးဇူးကြီးလှ မိနှင့်ဖ" စာပေဆုချီးမြှင့်ပွဲ၌ ကွယ်လွန်သူ (အမျိုးသားစာပေဆုရ) စာရေးဆရာကြီး မောင်မောင်ဖြူ၏ မိသားစုကိုယ်စား စာရေးဆရာကြီးများ နာမကျန်း ရန်ပုံငွေအတွက် တူဖြစ်သူ စာရေးဆရာ ညွန့်ဝင်းကိုက ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ) လက်ခံရယူစဉ်။**

(ကြေးမုံ)

## ကြေးမုံဓာတ်ပုံ သတင်းမြင်ကွင်း



## လမ်းလယ်ကျွန်းပျက်စီး

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းလယ်ကျွန်းများကို စနစ်တကျ ဆောင်ရွက်ထားသော်လည်း စည်းကမ်းမဲ့ မော်တော်ယာဉ်များကြောင့် လမ်းလယ်ကျွန်းတုံး ပျက်စီးသွားရသည့် အကျည်းတန်မြင်ကွင်းကို တွေ့ရစဉ်။ (ပျက်စီးအောင်ပြုလုပ်သည့် မော်တော်ယာဉ်အား တာဝန်သိပြည်သူများက သိလျှင်သိချင်း မော်တော်ယာဉ်အမှတ်အား မှတ်သား၍ အနီးစပ်ဆုံးသက်ဆိုင်ရာသို့ တိုင်ကြားသင့်သည်။)

(၆၇)



## အိမ်တွေထဲရေဝင်

ဇွန် ၂ ရက်က ရန်ကုန်မြို့၌ မိုးသည်းထန်စွာရွာသွန်းရာ တာမွေ (ရွှေဗဟိုရ်) လမ်းဆုံတွင် ရေလျှံနေသည့် မြင်ကွင်းကို တွေ့ရစဉ်။ (လမ်းသားမြင့်သွားပြီးနောက် ရေမြောင်းများတွင် ရေစီးရေလာ မကောင်းခြင်းကြောင့် အိမ်များ၊ လမ်းသွယ်များတွင် ရေလျှံခဲ့ပြီး ဆိုင်များအတွင်း ရေများဝင်ရောက်ခဲ့သည်။)

(၀၀၁)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

# နိုင်ဂျီးရီးယား၌ လူနေရပ်ကွက်အပေါ် လေယာဉ်ပျက်ကျမှုကြောင့် ၁၅၃ ဦးသေဆုံး နှစ် ၂၀ နီးပါးအတွင်း နိုင်ငံ၏အဆိုးရွားဆုံး လေကြောင်းမတော်တဆမှုဖြစ်

လားဂို့စ် ဇွန် ၄

**နိုင်ဂျီးရီးယားနိုင်ငံ လားဂို့စ်မြို့၏ လူနေထူထပ်သော ရပ်ကွက်တစ်ခုပေါ်သို့ ခရီးသည်တင်လေယာဉ်တစ်စင်း ဇွန် ၃ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၁၅၃ ဦးလုံးအပြင် မြေပြင်ပေါ်ရှိနေသူများလည်း သေဆုံးခဲ့ရကြောင်း သိရသည်။**

အဆိုပါလေယာဉ်ပျက်ကျမှုသည် နှစ်ပေါင်း ၂၀ နီးပါးကာလအတွင်း နိုင်ဂျီးရီးယားနိုင်ငံအတွက် အဆိုးရွားဆုံး လေကြောင်း မတော်တဆမှုဖြစ်သည်။

ပျက်ကျပြီးနောက် မီးလောင်ကျွမ်းမှုဖြစ်ပွားနေသော လေယာဉ်အပျက်အစီးများအား မီးငြိမ်းသတ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းနေစဉ် လေယာဉ်ပျက်ကျမှုကိုကြည့်ရှုရန် အခင်းဖြစ်ရာသို့ တိုးဝှေ့ဝင်ရောက်လာသည့် ထောင်ပေါင်း များစွာသော ဒေသခံများအား အာဏာပိုင်များက ခဲခဲယဉ်းယဉ်း ထိန်းချုပ်ခဲ့ရကြောင်း သိရသည်။


*နိုင်ဂျီးရီးယားနိုင်ငံ လားဂို့စ်မြို့၌ ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်အစိတ်အပိုင်းများကို ဒေသခံများကြည့်ရှုနေစဉ်။*

အဆိုပါလေယာဉ်သည် ဒါနားအမည်ရှိ လေကြောင်းလိုင်းတစ်ခုက ပိုင်ဆိုင်သော ဘိုးအင်းအမ်ဒီ ၈၃ အမျိုးအစား လေယာဉ်ဖြစ်ပြီး ပျက်ကျရခြင်းအကြောင်းရင်းကို ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

လေယာဉ်ပျက်ကျခြင်းမရှိမီ လားဂို့စ်မြို့လေဆိပ် လေကြောင်းထိန်းမျှော်စင်သို့ လေယာဉ်၏အင်ဂျင်စက် အခြေအနေမကောင်းကြောင်း လေယာဉ်မှူးက သတင်းပေးပို့ခဲ့သည်ဟု နိုင်ဂျီးရီးယားစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူများအပြင် မြေပြင်ပေါ်တွင်ရှိနေသူများလည်း သေဆုံး၊ ဒဏ်ရာရမှုများရှိခဲ့ကြောင်း ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားခဲ့သော်လည်း အသေအပျောက်စာရင်းအတိအကျကို ရရှိခြင်း မရှိသေးပေ။

နိုင်ဂျီးရီးယားသမ္မတ ဂွတ်ဒ်လပ်ခ် ဂျိုနာသန်က လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးရသူများအတွက် ဝမ်းနည်းကြေကွဲဖွယ်နေ့ရက် သုံးရက်သတ်မှတ်ပေးခဲ့သည်။ ***အင်တာနက်။***


*သာမန်ထက်များပြားသည့် ကာဗွန် ၁၄ အိုင်ဆိုတုပ်များ တွေ့ရှိခဲ့သော ဂျပန်ရှေးဟောင်းထင်းရှူးပင်။*

# အေဒီ ၈ ရာစုအတွင်း ကမ္ဘာမြေပေါ်သို့ ထူးဆန်းသော စကြဝဠာရောင်ခြည် ပေါက်ကွဲမှုရိုက်ခတ်ခဲ့ဖူး

တိုကျို ဇွန် ၄

အေဒီ ၈ ရာစုအစောပိုင်းကာလအတွင်း ကမ္ဘာမြေသို့ ထူးဆန်းသော စကြဝဠာရောင်ခြည် (Cosmic rays) ပေါက်ကွဲမှုတစ်ရပ် ရိုက်ခတ်ခဲ့ဖူးသည့်အချက်အား ဖော်ညွှန်းနေသည့် သဲလွန်စများကို ရှေးခေတ်ထင်းရှူးပင်များ၌ ဂျပန်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ဇွန် ၃ ရက် သတင်းများတွင် ဖော်ပြသည်။

ဂျပန်သိပ္ပံပညာရှင်များသည် ရှေးဟောင်းဂျပန်ထင်းရှူးပင်များကို သရုပ်ခွဲလေ့လာကြည့်ခဲ့ရာ ယင်းထင်းရှူးပင်များ၌ စကြဝဠာဖြာထွက်မှုမှတစ်ဆင့် ဖြစ်ပေါ်လာသော ကာဗွန်-၁၄ ခေါ် ကာဗွန်အိုင်ဆိုတုပ်တစ်မျိုး ပုံမှန်ထက်များပြားနေကြောင်း တွေ့ရှိခဲ့ရသည်။

အဆိုပါ စကြဝဠာဓာတ်ရောင်ခြည်ဖြာထွက်မှုသည် အေဒီ ၇၇၄ ခုနှစ်နှင့် ၇၇၅ ခုနှစ်အကြား ကာလအတွင်း ဖြစ်ပွားခဲ့ကြောင်း ဂျပန်သိပ္ပံပညာရှင်များ၏ လေ့လာချက်၌ ဖော်ပြထားသည်။

စွမ်းအင်မြင့် အာကာသဒြပ်ဝတ္ထုများ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ပရိုတွန်နှင့် အခြား အက်တမ်အောက်အမှုန်များသည် ကမ္ဘာမြေသို့ ရိုက်ခတ်တတ်သည်။ ယင်းအမှုန်များသည် ကမ္ဘာ့လေထုအထက်လွှာအတွင်း ဝင်ရောက်ချိန်တွင် နိုက်ထရိုဂျင်နှင့် ဓာတ်ပြုကာ ကာဗွန်၁၄ ဟု ခေါ်သည့် ကာဗွန်အိုင်ဆိုတုပ်များ ဖြစ်ပေါ်လာတတ်သည်။

ဂျပန်သိပ္ပံပညာရှင်များ လေ့လာခဲ့သော ထင်းရှူးပင်နှစ်ပင်၏ ကာဗွန်-၁၄ ပါဝင်မှုပမာဏသည် ၈ ရာစုကာလအတွင်း တစ်ချိန်တည်းပေါက်ရောက်ခဲ့သည့် အခြားသစ်ပင်များနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂ ရာခိုင်နှုန်း ပိုများနေကြောင်း တွေ့ရသည်။

သို့ရာတွင် အေဒီ ၇၇၅ ခုနှစ် ဝန်းကျင်ကာလအတွင်း မြောက်ယဉ်စွန်းတန်းဒေသ၌ ကြယ်ပေါက်ကွဲမှုဖြစ်စဉ် (Super nova)ဖြစ်ပေါ်ခဲ့သည့် သမိုင်းမှတ်တမ်းမျိုး မတွေ့ရကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၀၀ ကျော်က ကောင်းကင်ယံ၌ ထူးဆန်းသော ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းရှိ၊ မရှိ သိရှိနိုင်ရေးအတွက် သမိုင်းမှတ်တမ်းများအား ဆက်လက်ရှာဖွေရန် ဂျပန်သိပ္ပံပညာရှင်များက စီစဉ်လျက်ရှိသည်။

***အင်တာနက်။***

# အာတိတ်အအေးပိုင်းလွင်ပြင်များ သစ်တောဒေသများအဖြစ် အသွင်ပြောင်းစပြု

**လန်ဒန် ဇွန် ၄**

အာတိတ်အအေးပိုင်းလွင်ပြင်ဒေသ (Tandra)များ၌ ပေါက်ရောက်တက်သည့် ချုံပင်ငယ်များသည် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း သစ်ပင်ငယ်များ၏ အရွယ်အစားပမာဏအထိ ကြီးထွားလာသည်ကို တွေ့ရကြောင်း ဇွန် ၃ ရက် သတင်းများတွင် ဖော်ပြသည်။

အအေးပိုင်းလွင်ပြင်ဒေသ (Tandra) များသည် ရာသီဥတုအေးမြ၍ သစ်ပင်များ ပေါက်ရောက်လေ့မရှိသည့် ဒေသများဖြစ်ရာ ယင်းကဲ့သို့ ချုံပင်ငယ်များ အရွယ်အစားကြီးထွားလာမှုသည် အာတိတ်ဒေသ၏ ရာသီဥတု ပိုမိုပူနွေးလာခြင်းကြောင့် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ဝန်းကျင်က သစ်ပင်ဟူ၍ မတွေ့နိုင်သည့် ယူရေးရှန်း အအေးပိုင်းလွင်ပြင်ဒေသ တောင်ဘက်ပိုင်း၌ မြေဧရိယာအကျယ်အဝန်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိကို အမြင့်ပေ ၆ ဒသမ ၆ ပေ အထိရှိသော ချုံပင်များ ဖုံးလွှမ်းစပြုနေပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။ ယူရေးရှန်း အအေးပိုင်းလွင်ပြင်သည် အာတိတ်ဒေသ၏ အနောက်မြောက်ပိုင်း ဖင်လန်နိုင်ငံနှင့် ဆိုက်ဗေးရီးယားဒေသတို့အကြား တည်ရှိသည်။

အာတိတ်အအေးပိုင်းလွင်ပြင်ဒေသများမှ ချုံပင်များ အရွယ်အစားကြီးမားလာမှုသည် အပူချိန်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း၊ ပိုမိုပူနွေးလာသောအပူချိန်ကို ပြန်လည်တုံ့ပြန်သည့် အနေဖြင့် ချုံပင်များ၏အရွယ်အစားမှာလည်း ပိုမိုကြီးမားလာရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အာတိတ်ဒေသ၌အလင်းကို ရောင်ပြန်ဟပ်နိုင်သည့်နှင်းနှင့် ရေခဲပြင်များဆုတ်ယုတ်လာသည်နှင့်အမျှ နေ၏အပူချိန်အား စုပ်ယူနိုင်သော မြေဆီလွှာနှင့် ရေပြင်များပေါ်ထွက်လာခြင်းကြောင့် အခြားကမ္ဘာ့ဒေသများထက် အာတိတ်ဒေသက ပူနွေးမှု ပိုမိုမြန်ဆန်လာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

***အင်တာနက်။***


***ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် ချုံပင်များ အရွယ်အစားကြီးထွားလာသည့် အာတိတ်၏ ယူရေးရှန်း အအေးပိုင်းလွင်ပြင်ဒေသ တစ်နေရာ။***

# ကြေးစားတပ်ဖွဲ့ဝင်များအဖြစ်ပါဝင်ခဲ့သူများ လစ်ဗျား၌ ထောင်ဒဏ်ချမှတ်

**ထရီပိုလီ ဇွန် ၄**

လစ်ဗျားပြည်တွင်းစစ်အတွင်း ကွယ်လွန်သူ လစ်ဗျားခေါင်းဆောင် ကဒါဖီ၏ ကြေးစားတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဟူသော စွပ်စွဲချက်များဖြင့် ယူကရိန်းနိုင်ငံသား ၁၉ ဦး၊ ဘီလာရုစ်နိုင်ငံသား သုံးဦးနှင့် ရုရှားနိုင်ငံသား နှစ်ဦးတို့ကို လစ်ဗျားစစ်ခုံရုံးတစ်ရုံးက ထောက်ဒဏ်များ ချမှတ်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ရုရှားနိုင်ငံသားနှစ်ဦးအနက် တစ်ဦးကို ကဒါဖီအတွက် ကြေးစားတပ်ဖွဲ့ဝင်များရရှိရေး ကြားဝင်ညှိနှိုင်းပေးသူအဖြစ် လစ်ဗျားအာဏာပိုင်များက သတ်မှတ်ထားပြီး ၎င်းအား ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်ကာ ကျန်အားလုံးကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြေးစားတပ်ဖွဲ့ဝင်များအဖြစ် စွပ်စွဲခံထားရသူ ၂၄ ဦးလုံးက လစ်ဗျားအာဏာပိုင်များ၏ စွဲချက်များအား ငြင်းပယ်ထားပြီး ၎င်းတို့သည် ရေနံတူးဖော်ရေးလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ရန် လစ်ဗျားနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း ထုချေခဲ့သည်။

ကဒါဖီဆန့်ကျင်ရေးလစ်ဗျားလက်နက်ကိုင်အုပ်စုများအတွက် အားဖြည့်ကူညီပေးနေသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)စစ်လေယာဉ်များအား ပစ်ချရန် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်များကို ကြေးစားတပ်ဖွဲ့ဝင်များက ကိုင်တွယ်ထိန်းချုပ်ပေးခဲ့ကြောင်း လစ်ဗျားအာဏာပိုင်များက စွပ်စွဲခဲ့သည်။

၂၀၁၁ ခုနှစ် ဩဂုတ်လနှောင်းပိုင်းတွင် လစ်ဗျားသူပုန်များလက်သို့ ထရီပိုလီမြို့ကျရောက်ခဲ့ပြီးနောက် ၎င်းတို့အား ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ကဒါဖီအတွက် ကြေးစားတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ပေးခဲ့ကြောင်း စွဲချက်ဖြင့် ယခုနှစ် ဧပြီလ၌ တရားရုံးတင်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



# ၂၀၁၂ ခုနှစ်၏ ပထမဆုံး လကြတ်မှု အာရှတိုက်တစ်ဝန်း၌ တွေ့မြင်ခဲ့ရ

**ဆစ်ဒနီ ဇွန် ၄**

ဇွန် ၄ ရက် (ယနေ့)ဖြစ်ပေါ်ခဲ့သည့်၂၀၁၂ ခုနှစ်၏ ပထမဆုံး တစ်စိတ်တစ်ပိုင်း လကြတ်မှုဖြစ်စဉ်ကို အာရှတိုက်တစ်လွှား ပြည်သူများက စောင့်ကြည့်ခဲ့ကြကြောင်းသိရသည်။

လနှင့်နေအကြားမှ ကမ္ဘာမြေဖြတ်သန်းခိုက် လ၏မျက်နှာပြင်တစ်စိတ်တစ်ဒေသပေါ်သို့ ကမ္ဘာ၏ အမှောင်ရိပ်ကျရောက်စဉ် ဖြစ်ပေါ်ခဲ့သော လကြတ်မှုဖြစ်စဉ်အား ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် ဩစတြေးလျမှ ပြည်သူများတွေ့မြင်နိုင်ခဲ့သော်လည်း တိုကျိုမြို့တော်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တို့မှ ပြည်သူများမှာ တိမ်ထူထပ်မှုကြောင့် ကြည့်ခွင့်မသာခဲ့ပေ။

ဩစတြေးလျ၊ နယူးဇီလန်နှင့်တောင်ပစိဖိတ် ကျွန်းနိုင်ငံများတွင် လကြတ်မှုဖြစ်စဉ်အား အပြည့်အဝရှုမြင်နိုင်ခဲ့ပြီး အရှေ့တောင်အာရှဒေသ၊ တရုတ်နိုင်ငံ အရှေ့ပိုင်း၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၌လည်း အပြည့်အဝနီးပါး တွေ့မြင်ခဲ့ရသည်။

၂၀၁၂ ခုနှစ် လကြတ်မှုဖြစ်စဉ်ကို ဥရောပနှင့် အာဖရိကတိုက်များ၌ တွေ့မြင်နိုင်ခြင်းမရှိခဲ့သော်လည်း မြောက်အမေရိကအနောက်ပိုင်းနှင့် မက္ကဆီကိုနိုင်ငံများတွင် ဖြစ်စဉ်၏ အဆုံးသတ်ပိုင်းအား တွေ့မြင်ခဲ့ရသည်။


***ဇွန် ၄ ရက်တွင် ဖြစ်ပေါ်ခဲ့သော ၂၀၁၂ ခုနှစ်၏ ပထမဦးဆုံး လကြတ်မှုဖြစ်စဉ်ကို တွေ့ရစဉ်။***

ဇွန် ၄ ရက် တစ်စိတ်တစ်ပိုင်း လကြတ်မှုဖြစ်စဉ်သည် ယခုသီတင်းပတ်အတွင်း ဖြစ်ပေါ်မည့် အာကာသဖြစ်စဉ် နှစ်ရပ်အနက် ပထမဆုံးဖြစ်ရပ်ဖြစ်သည်။

ဇွန် ၅ ရက်တွင် နက္ခတ္တဗေဒ သိပ္ပံပညာသမိုင်း၏ အရှားပါးဆုံး နက္ခတ်တာရာဖြစ်စဉ်များ၌ အပါအဝင်ဖြစ်သော နေနှင့်ကမ္ဘာအကြား သောကြာဂြိုဟ်(ဗီးနပ်စ်) ဖြတ်သန်းမှုဖြစ်စဉ်ကို ကြုံတွေ့ရမည်ဖြစ်သည်။ ***အင်တာနက်။***

# ဂြိုဟ်တုလွှတ်တင်ရေး အာကာသစခန်းသစ် အီရန်တည်ဆောက်နေ

**တီဟီရန် ဇွန် ၄**

ပြည်တွင်းဖြစ်ဂြိုဟ်တုများအား ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်နိုင်မည့် အာကာသစခန်းသစ် တည်ဆောက်ရေးလုပ်ငန်းကို အီရန်နိုင်ငံက အပြီးသတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးအာမက်ဗာဟီဒီက ဇွန် ၂ ရက်တွင်ပြောကြားခဲ့သည်။

နျူကလီးယားပြဿနာနှင့် ပတ်သက်၍ အီရန်နှင့်အနောက်နိုင်ငံများအကြား မကျေမလည်ဖြစ်နေစဉ် အာကာသစခန်းသစ်ကို တည်ဆောက်နေကြောင်း ဗိုလ်ချုပ်ကြီး အာမက်ဗာဟီဒီက ပထမဆုံးအကြိမ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပတ်လမ်းကြောင်းများအတွင်း ဂြိုဟ်တုများပစ်လွှတ်ရာတွင် အသုံးပြုသော ဒုံးပျံကို တိုက်ချင်းပစ်ဒုံးပျံအဖြစ် ပြန်လည်တပ်ဆင်နိုင်ခြင်းကြောင့် အီရန်နိုင်ငံ၏ အာကာသရေးရာစီမံကိန်းများအပေါ် အနောက်နိုင်ငံများက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ အာကာသစခန်းသစ်တည်ဆောက်ရေးလုပ်ငန်းအား ၈၀ ရာခိုင်နှုန်းအပြီးသတ်နိုင်ပြီဖြစ်ကြောင်း အီရန်ကာကွယ်ရေး ဝန်ကြီးက အိုင်အာရ်အင်န်အေသတင်းအေဂျင်စီသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအာကာသစခန်းကို အသုံးပြု၍ အီရန်နိုင်ငံလုပ် ဂြိုဟ်တုများ၊ ဒေသတွင်းနိုင်ငံများနှင့် အာရပ်ကမ္ဘာမှ ဂြိုဟ်တုများအား မဝေးတော့သည့် အနာဂတ်၌ ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ လက်ရှိကာလ၌ တီဟီရန်မြို့တော်အရှေ့ဘက် ၁၂၅ မိုင်ခန့် အကွာ၌ ဂြိုဟ်တုလွှတ်တင်ရေးစခန်းတစ်ခုတည်ရှိပြီး ဖြစ်သည်။ ***အင်တာနက်။***

# စစ်တွေမြို့တွင် လူစုလူဝေးဖြင့် ရဲစခန်းကို ဖျက်ဆီး မင်းမဲ့စရိုက်နှင့် ဥပဒေမဲ့လုပ်ရပ်များအား ထိရောက်စွာ အရေးယူမည်

**နေပြည်တော် ဇွန် ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ စက်ရုံစုရပ်ကွက်လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်၌ ဇွန် ၃ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် အောင်ကျော်စိုး(စိစစ်ဆဲ)ပါ သုံးဦးနှင့် ဦးအောင်သန်းဝေ(၄၅)နှစ် (ဘ)ဦးစိန်လှ အကွက်(၆) စက်ရုံစုရပ်ကွက် စစ်တွေမြို့တို့ ဈေးကောက် ကောက်ခံသည့်ကိစ္စအား မကျေနပ်၍ စကားအချေအတင်ဖြစ်ကြရာမှ ဦးအောင်သန်းဝေက အသင့်ပါလာသောဓားဖြင့် ခြိမ်းခြောက်ထွက်ပြေးသွားကြောင်း အောင်ကျော်စိုးပါ သုံးဦးအဖွဲ့မှ စစ်တွေအမှတ် (၁)ရဲစခန်းသို့ လာရောက် တိုင်တန်းခဲ့သည်။

၎င်း ည ၇ နာရီခွဲတွင် ဦးအောင်သန်းဝေ၏ ဇနီး ဒေါ်အောင်သန်းမြပါ အမျိုးသမီး ၁၀ ဦးတို့ အမှတ်(၁) ရဲစခန်းသို့ ရောက်ရှိလာပြီး ၎င်း၏ခင်ပွန်းပျောက်ဆုံးနေကြောင်း အကြောင်းကြားစဉ် ရဲစခန်း၌ လူအင်အား ၅၀ ခန့် စုဝေးရောက်ရှိခဲ့ပြီး တဖြည်းဖြည်းအင်အား ၂၀၀ ခန့်ထိ ရှိလာခဲ့ကြောင်း၊ ထိုသို့ လူများစုဝေးနေစဉ် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ဦးအောင်မြကျော်(စစ်တွေမြို့နယ် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ) က ဦးအောင်သန်းဝေမှာ ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဝင် တစ်ဦးဖြစ်ပြီး ၎င်းအား မိမိရှာဖွေပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည့်အတွက် လူစုကွဲပြီး အောင်သန်းဝေ၏ ဇနီး ဒေါ်အောင်သန်းမြတို့ ရဲစခန်းမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

တစ်ဖန် ည ၉ နာရီတွင် အမှတ်(၁) ရဲစခန်းရှေ့၌ လူအင်အား ၃၀၀ ခန့် ပြန်လည် စုဝေးရောက်ရှိလာပြန်ရာ ဦးအောင်မြကျော်က အောင်သန်းဝေအား ခေါ်ဆောင်ပေးမည် ဖြစ်ကြောင်းနှင့် လူစုခွဲကြရန် ပြောဆိုပြီး ထွက်ခွာသွားခဲ့သည်။

၎င်းနောက် ည ၁၀ နာရီကျော်ခန့်တွင် ဒေါက်တာအေးမောင်(ဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ)၊ ဦးကျော်သိန်း (ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး)တို့ ရဲစခန်းသို့ ရောက်ရှိလာခဲ့သည်။ ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ဦးအောင်မြကျော်က အောင်သန်းဝေအား ရဲစခန်းသို့ ခေါ်ယူလာပြီး လူစုခွဲကြရန် ပြောဆိုခဲ့သော်လည်း လူအုပ်စုမကွဲဘဲ ည ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ရဲစခန်းအတွင်းသို့ ပုလင်းကွဲခဲများဖြင့် ပစ်ပေါက်ခဲ့ရာ ရဲစခန်းအဆောက်အုံ အမိုးပေါက်ပြဲခြင်း၊ အိမ်ထောင်သည်လိုင်း အမိုးပေါက်ပြဲခြင်း၊ ရဲတပ်ဖွဲ့ပိုင် ယာဉ်နှစ်စီး ရှေ့လေကာမှန်များ ကွဲကြေပျက်စီးခဲ့ခြင်းများဖြစ်ပွားခဲ့သည်။

ဆက်လက်၍ ည ၁၁ နာရီ ၁၀ မိနစ်တွင် အဆိုပါလူစုလူဝေးသည် စခန်းအဝင်ဝတံခါးမကြီးအား ဖျက်ဆီး၍ ရဲစခန်းအတွင်းသို့ ဝင်ရန်ကြိုးစားလာခဲ့ရာ ရဲစခန်းမှတပ်ဖွဲ့ဝင်များက အသံပေးခြောက်လှန့်ပစ်ခတ်ခဲ့သည်။ သို့သော် လူစုကွဲမသွားဘဲ ည ၁၁ နာရီ ၁၅ မိနစ်တွင် ရဲစခန်းအဝင်မီးအား ရိုက်ခွဲ၍ ရဲစခန်းတံခါးမကြီးအား ဖျက်ဆီးဝင်ရောက်ရန် ထပ်မံကြိုးစားလာခဲ့ပြန်သဖြင့် ထပ်မံပစ်ခတ် လူစုခွဲခဲ့ရရာ ထိုလူစုမှာ ရဲစခန်း၏ ဘေးဘယ်/ညာသို့ ပျံ့နှံ့သွားခဲ့သည်။ သို့သော်လည်း စခန်းပတ်ဝန်းကျင်တွင် လူစုကွဲသွားခြင်းမရှိသည့်အတွက် ဇွန် ၄ ရက် နံနက် ၁ နာရီတွင် တာဝန်ကျရဲတပ်ဖွဲ့ဝင်များက အဓိကရုဏ်း လက်နက်နှင့် မီးခိုးဗုံးအသုံးပြု၍ လူစုခွဲခဲ့ရသည်။ အဆိုပါ လူအုပ်စုသည် နံနက် ၃ နာရီတွင် လမ်းမကြီးလမ်းနှင့် ဦးဥတ္တမလမ်းဆုံရှိ ရိုးမဘဏ်ရှေ့ရှိ (PCO) အဆောက်အအုံအား မီးရှို့ဖျက်ဆီးခဲ့ကြသည်။




**ယာဉ်အမှတ် ၇ခ/၄၇၄၂ ၏ ရှေ့လေကာမှန် ပျက်စီးသွားသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

အဆိုပါဖြစ်စဉ်တွင် အရပ်သား ၁၂ ဦး ပေါက်ပြဒဏ်ရာ အသီးသီးရရှိခဲ့သဖြင့် စစ်တွေဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး လူစုလူဝေးတွင် ပါဝင်သူ ကိုးဦးအား ဖမ်းဆီးထိန်းသိမ်းစစ်ဆေးလျက်ရှိသည်။

လက်ရှိအချိန်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ကိစ္စရပ်များအား ဥပဒေရေးဆွဲ၍ ခွင့်ပြုခဲ့ပြီးဖြစ်သည်။ သို့သော် ဤကဲ့သို့ မင်းမဲ့စရိုက်ဆန်ပြီး ဥပဒေနှင့် ဆန့်ကျင်သော အုပ်စုဖွဲ့လှုပ်ရှားမှုများ၊ ဥပဒေမဲ့လုပ်ရပ်များအား မည်သို့မျှ လက်သင့်ခံ၍မရနိုင်ပေ။ သို့ပါ၍ အဆိုပါဖြစ်စဉ်အပေါ် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည့်အပြင် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရဲစခန်းအဝင် တံခါးမကြီး ပျက်စီးသွားသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

# ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာတွင် အမျိုးသမီးတစ်ဦး မုဒိမ်းကျင့်၊ ပစ္စည်းလု အသတ်ခံရ

နေပြည်တော် ဇွန် ၄

**မေ ၂၈ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာနေ မသီတာထွေး (၂၇)နှစ် (ဘ)ဦးလှတင်သည် ကျောက်နီမော်ကျေးရွာ စံပြရပ်ကွက်မှ စက်ချုပ်သင်ပြီး နေအိမ်သို့ပြန်လာစဉ် ကျောက်နီမော်ကျေးရွာ ကျောက်ထရံရပ်ကွက်နှင့် ချောင်းဝရွာသို့သွားသော တာပေါင်လမ်းဘေးရှိ ကုက္ကိုပင်အနီး ပျားတော(ဒီရေတော)၌ ၎င်းအား အမည်မသိလူများက ဓားဖြင့်ထိုးသတ်သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**

အဆိုပါလူသတ်မှုသတင်းကို သေဆုံးသူ၏အစ်ကိုဖြစ်သူ ဦးဝင်းမောင်က ကျောက်နီမော်ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ရာ ရဲစခန်းမှ ပထမသတင်းပေးတိုင်ချက် အမှတ်(ပ) ၂၃/၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၈၂ (လူသတ်မှု/လုယက်မှု)အရ အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ တရားခံများအား အချိန်မီ ဖမ်းဆီးနိုင်ရေးအတွက် ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိပြီး ဆက်စပ်သတင်းဖော်ထုတ်ခဲ့ရာ မသင်္ကာသူများဖြစ်ကြသော ထက်ထက်(ခ)ရော်ရှီး (ဘ)ဦးကျော်သောင်း (ဘင်္ဂါလီ/အစ္စလာမ်) ကျောက်နီမော် (တောင်ပိုင်းရပ်ကွက်)၊ ရော်ဖီး(ဘ) ဆွေယော့တာမောက် (ဘင်္ဂါလီ/ အစ္စလာမ်) ကျောက်နီမော် (သာယာရပ်)နှင့် ခိုချီး(ဘ)အကွယ်ချေ (ဘင်္ဂါလီ/အစ္စလာမ်) ကျောက်နီမော် (သာယာရပ်)တို့ သုံးဦးတို့အား ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ သေဆုံးသူ မသီတာထွေးမှာ သပြေချောင်းကျေးရွာမှ ကျောက်နီမော်ကျေးရွာသို့ စက်ချုပ်သင်ရန် နေ့စဉ်သွားရောက်သည်ကို ထက်ထက်(ခ) ရော်ရှီးကတွေ့မြင်ပြီး မိန်းမယူရန် လိုအပ်သည့်ငွေရရှိရေးအတွက် မသီတာထွေး ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာပစ္စည်းများကို ရယူလိုသဖြင့် ရော်ဖီးနှင့်ခိုချီးတို့ နှစ်ဦးအားခေါ်ဆောင်ကာ အခင်းဖြစ်နေရာအနီးရှိ ကုက္ကိုပင်မှ စောင့်နေခဲ့ကြောင်း၊ အခင်းဖြစ်သည့်နေ့ညနေတွင် မသီတာထွေး တစ်ဦးတည်းပြန်လာစဉ် ဓားဖြင့်ထောက်၍ တောစပ်ထဲသို့ပွေ့ဖက်ခေါ်ယူပြီး သားမယားအဖြစ် တစ်ယောက်(၁)ကြိမ်စီပြုကျင့်ကာ လည်ပင်းအား ဓားဖြင့် လှီးဖြတ်ခဲ့ကြကြောင်း၊ ၎င်းဝတ်ဆင်ထားသည့် MC ရွှေဆွဲကြိုး အပါအဝင် ရွှေထည်ပစ္စည်း ငါးမျိုးအား ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိသည်။

ဖြစ်စဉ်အပေါ်အခြေခံ၍ မလိုလားအပ်သော လူမျိုးရေးပဋိပက္ခ မဖြစ်ပွားစေရေးအတွက်လည်းကောင်း၊ တရားခံများအပေါ် မကျေနပ်သူရွာသူရွာသားများက ဝိုင်းဝန်း ရန်ပြုလာနိုင်သောကြောင့်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က စောင့်ကြည့်ပြီး မေ ၃၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တရားခံ သုံးဦးအား ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့ဖြင့် ကျောက်ဖြူအကျဉ်းထောင်သို့ ပို့ဆောင်ချုပ်နှောင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ကျောက်နီမော်ကျေးရွာမှ ရခိုင်လူမျိုးစုစုပေါင်း ၁၀၀ ခန့်သည် ကျောက်နီမော်ရဲစခန်းအနီးသို့ရောက်ရှိလာပြီး ဖမ်းဆီးထားသော ထက်ထက်(ခ) ရော်ရှီးပါ သုံးဦးတို့အား ပြန်လည်ထုတ်ပေးရန် တောင်းဆိုခဲ့ကြရာ ရဲစခန်းတွင်မရှိကြောင်းနှင့် ကျောက်ဖြူထောင်သို့ ပို့ဆောင်ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ရှင်းပြခဲ့ကြောင်း၊ သို့သော် လူစုက မကျေနပ်သဖြင့် ရဲစခန်းအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားလာရာ ကျောက်နီမော် ရဲစခန်းမှ သေနတ်ငါးချက်ခြောက်လှန့်ပစ်ဖောက်၍ လူစုခွဲခဲ့ရကြောင်း၊ ထို့ပြင် ၎င်းနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် ကျောက်နီမော် ကျေးရွာမှ ရခိုင်လူမျိုး ၁၀၀ ခန့်သည် ရမ်းဗြဲမြို့သို့ ထွက်ခွာသွားကြကြောင်း၊ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့သည်လည်း ရွာသူရွာသားများနှင့် ညှိနှိုင်းဖြေရှင်းရန်အတွက် ညနေပိုင်းတွင် ရမ်းဗြဲမြို့သို့ရောက်ရှိခဲ့ပြီး ဆူပူအုံကြွမှုမဖြစ်စေရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် မေ ၃၀ ရက် ညနေ ၄ နာရီတွင် ရမ်းဗြဲမြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရမ္မာဝတီခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘကြည်တို့က ဆူပူအုံကြွမှုမဖြစ်စေရေးအတွက် ရှင်းလင်းပြောကြားခဲ့သဖြင့် ကျောက်နီမော်ကျေးရွာမှ ရွာသူရွာသားများသည် ၎င်းနေ့ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး မေ ၃၁ ရက် နံနက် ၉ နာရီတွင် ရမ်းဗြဲမြို့မှ ရေယာဉ်နှစ်စီးဖြင့် ကျောက်နီမော်ကျေးရွာသို့ ပြန်လည် ထွက်ခွာသွားခဲ့ကြကြောင်း၊ အဆိုပါကျောက်နီမော် ရွာသူရွာသားများထံသို့ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ခင်က ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မသီတာထွေး နာရေးအတွက် အလှူငွေကျပ် ခြောက်သိန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းနိုင်က သင်္ကန်း ငါးစုံနှင့် ငွေကျပ်တစ်သိန်းတို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီး မေ ၃၁ ရက် ညနေ ၃ နာရီ ၅ မိနစ်တွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့ပါဝင်သောအဖွဲ့သည် ကွယ်လွန်သူ မသီတာထွေး၏ အသုဘအား လိုက်ပါပို့ဆောင်ခဲ့ပြီး ကျောက်နီမော် ရွာသူရွာသားများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ဇွန် ၁ ရက် နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ကျောက်ဖြူမြို့သို့ထွက်ခွာပြီး ရိပ်သာ၌ မသီတာထွေးအသတ်ခံရမှုနှင့် ပတ်သက်၍ ကျောက်ဖြူမြို့နယ် လူငယ်အဖွဲ့နှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် တရားခံများအား အချိန်မဆွဲဘဲ ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ကြောင်း၊ တရားစီရင်စဉ် တရားရုံး၌ လူအုပ်စုများမဖြစ်ကြရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ခဲ့သော တရားခံ သုံးဦးအား စနစ်တကျ စစ်ဆေးဖော်ထုတ်လျက် တရားဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သံတွဲမှ ရန်ကုန်သို့ မောင်းနှင်လာသော ရိုးမသစ္စာခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ မွတ်ဆလင်ကုလား ၁၀ ဦး အသတ်ခံရ

**နေပြည်တော် ဇွန် ၄**

ဇွန် ၃ ရက် နံနက် ၆ နာရီတွင် တောင်ကုတ်မြို့ပေါ်ရှိ လူစည်ကားသောနေရာများ၌ လွန်ခဲ့သော မေ ၂၈ ရက်က ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာနေ မသီတာထွေးအား ရက်စက်စွာစော်ကားခံရသော ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ၏ ဓာတ်ပုံနှင့် မွတ်ဆလင် ကုလားများ၏ ရခိုင်အမျိုးသမီးများအား ရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်ယုတ်မာမှုများကို တောင်ကုတ်မြို့ပေါ်နေ ပြည်သူများသိစေရန် အသိပေးနှိုးဆော်ခြင်း ခေါင်းစဉ်ဖြင့် ဝံသာနုရက္ခိတအဖွဲ့ တောင်ကုတ်မြို့ အမည်ဖြင့် စာများဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ စာများဖြန့်ဝေခဲ့ပြီးနောက် ညနေ ၄ နာရီတွင် သံတွဲမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ရိုးမသစ္စာမော်တော်ယာဉ်လိုင်းမှ မှန်လုံယာဉ်သည် တောင်ကုတ်မြို့ အေးရိပ်ငြိမ်ကားကြီးဝင်းသို့ရောက်ရှိခဲ့ပြီး ခရီးသည်များ အတင်အချပြုလုပ်ရန် ခေတ္တရပ်နားစဉ် ယာဉ်ပေါ်တွင် မွတ်ဆလင်ကုလားများပါလာကြောင်း သတင်းပြန့်သွားခဲ့ပြီး မြို့ခံလူထုများဝိုင်းအုံရောက်ရှိလာခဲ့ကြောင်း၊ ထိုသို့ လူအုပ်စု ဝိုင်းအုံလာသဖြင့် ဂိတ်မှူးက အဆိုပါမော်တော်ယာဉ်အား အမြန်ထွက်ခွာစေခဲ့ရာ ထွက်ခွာသွားသည့် မော်တော်ယာဉ်နောက်သို့ ဆိုင်ကယ်ဖြင့် လူအချို့လိုက်ပါသွားပြီး မော်တော်ယာဉ်အား မြို့တွင်းသို့ ပြန်လည်မောင်းနှင်ရန် စေခိုင်းခဲ့ကြောင်း၊ ထိုသို့ ပြန်လည်မောင်းနှင်ခဲ့ရာမှ သံတွဲ-တောင်ကုတ် ကားလမ်းဆုံ (တောင်ကုတ်မြို့တွင်း ပြည်မြို့အထွက်) သို့ ရောက်ရှိစဉ် အသင့်စောင့်နေသည့် လူ ၃၀၀ ခန့်အုပ်စုက ပိတ်ဆို့တားဆီးကာ ယာဉ်ကို ရပ်တန့်စေခဲ့ပြီး ယာဉ်ပေါ်ပါလာသည့် မွတ်ဆလင်ကုလားများ အား အတင်းဆွဲချရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါမွတ်ဆလင် ကုလား ၁၀ ဦး သေဆုံးခဲ့သည့်အပြင် မော်တော်ယာဉ်လည်း ဖျက်ဆီးခံခဲ့ရကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ တောင်ကုတ်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ ရောက်ရှိထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် လူစုကွဲသွားခဲ့ကြောင်း သိရှိရသည်။

သေဆုံးသူများတွင် ဘာသာရေးကိစ္စဖြင့် သံတွဲမြို့သို့ ရောက်ရှိခဲ့ရာမှ သက်ဆိုင်ရာမြို့များသို့ ပြန်ကြသူများပါဝင်ပြီး တောင်တွင်းကြီးမြို့မှ ခြောက်ဦး၊ မြောင်းမြမြို့မှ နှစ်ဦးနှင့် သံတွဲမြို့မှ နှစ်ဦးဖြစ်ကြောင်း၊ အဆိုပါသေဆုံးသူများ၏ ရုပ်အလောင်းများအား သံတွဲမြို့မွတ်ဆလင်သင်္ချိုင်း၌ ယနေ့သင်္ဂြိုဟ်ခဲ့ပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

# ရွှေဆိုင်၌ ရွှေဝယ်ဟန်ဆောင်၍ လုယက်ထွက်ပြေးသူအား ရွှေဆိုင်ပိုင်ရှင်ကလိုက်ထွေး၍ လက်ရဖမ်းဆီး

**ကောလင်း ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်ရှိ "တက်နေဝင်း ရွှေဆိုင်" သို့ မေ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဝန်းသိုမြို့နယ် ပန်းထိမ်ကုန်းကျေးရွာနေ အောင်လွင် အသက်(၂၁) နှစ်သည် ရွှေအခဲဝယ်ယူလိုကြောင်း ပစ္စည်းများအားထုတ်ပြရန် ပြောသဖြင့် ရွှေဆိုင်ပိုင်ရှင်၏ မိခင်ဖြစ်သူ ဒေါ်ခင်သိန်းမြင့်က ငါးကျပ်သားအလေးချိန်ရှိ ရွှေအခဲအားထုတ်ပြခဲ့ကြောင်း၊ အောင်လွင်က ဒေါ်ခင်သိန်းမြင့်အား ထပ်မံ၍ ၃၀ ကျပ်သားအလေးချိန်ရှိ ရွှေအခဲအား ထပ်မံပြသရန်ယူခိုင်းကြောင်း၊ ဒေါ်ခင်သိန်းမြင့်သည် ၎င်းထံမှ အရက်နံ့နံ့နေပြီး ပစ္စည်းဝယ်ယူမည့်အမူအရာ မဟုတ်ကြောင်း သင်္ကာမကင်းသဖြင့် ပစ္စည်းအား ယခုဝယ်ယူမည်လားဟုမေးရာ အောင်လွင်က ယခုဝယ်ယူရန် ပိုက်ဆံမပါသေးကြောင်း၊ နောက်နေ့မှ လာဝယ်မည်ဟုပြောသဖြင့် ဒေါ်ခင်သိန်းမြင့်က ပြသထားသော အလေးချိန် ငါးကျပ်သားခန့်ရှိ ရွှေအခဲကို ပြန်သိမ်းတော့မည်ဟုပြောဆို၍ သိမ်းယူရန် ကိုင်ထားစဉ် အောင်လွင်က ဒေါ်ခင်သိန်းမြင့်၏ လက်ထဲမှ ရွှေအခဲအား လုယူ၍ ၎င်းစီးနင်းလာသော ဂျာလင်းစူပါကပ် (နံပါတ်မပါ) ဆိုင်ကယ်ပေါ်သို့တက်၍ စက်နှိုးမောင်းနှင် ထွက်ပြေးသဖြင့် ရွှေဆိုင်ပိုင်ရှင် ကိုအောင်နိုင်ဝင်းနှင့် ဆိုင်ရှင်ဝန်ထမ်းများက လိုက်ထွေး၍ လက်ရဖမ်းဆီးပြီး ကောလင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ဆက်သွယ်သတင်းပေးပို့တိုင်တန်းချက်အရ ကောလင်းရဲစခန်းက အောင်လွင် အသက်(၂၁)နှစ်အား ပ/၁၂၄ အရ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

(အောင်နိုင်ဝင်း)

# လောင်းကြေးငွေများနှင့်အတူ လောင်းကစားသူများဖမ်းမိ

**ရန်ကုန် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မေ ၃၁ ရက် မွန်းလွဲပိုင်းက ခဲ့ထီလောင်းကစားမှုသတင်းအရ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ မအေးအေးခိုင်၏ နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ မအေးအေးခိုင်နှင့် တစ်ရပ်ကွက်တည်းနေ မချိုချိုမာ၊ မကြီး တို့ သုံးဦးအား နှစ်လုံးခဲ့ထီ လောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၃၆၄၀၅၀ တို့နှင့်အတူ ဖမ်းဆည်းရမိသည်။

မအေးအေးခိုင် (၂၅)နှစ်၊ မချိုချိုမာ (၃၅)နှစ်၊ မကြီး (၂၄)နှစ်တို့ သုံးဦးအား အောင်ပင်လယ်ရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅ (က)/၁၆ (က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

## စန်းလွင်

ဇွန်လ ၅ ရက်နေ့အား ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် ကုလသမဂ္ဂမှ သတ်မှတ်ခဲ့သည်မှာ နှစ်(၄၀) ပြည့်ပြီဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ"Green Economy: Does it include You?" ဖြစ်ပါသည်။ **ပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး အားလုံးပါဝင်ဆောင်ရွက်ပေး** ဟု ယေဘုယျဆိုနိုင်ပြီး ကမ္ဘာမြေနယ်နိမိတ်အတွင်း လူသားတို့၏ ဂေဟဆိုင်ရာ ခြေရာတစ်ခုအဖြစ် မိမိတို့ကဏ္ဍအလိုက် ထိန်းသိမ်းရေးတွင် ပါဝင်ရန်လိုအပ်မှုကို ဖော်ညွှန်းထားပါသည်။

ယခုနှစ်ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ အပြည်ပြည်ဆိုင်ရာအခမ်းအနားကို ၁၉၉၂ ခုနှစ်က ကမ္ဘာမြေညီလာခံ သို့မဟုတ် ရီယိုထိပ်သီးညီလာခံ ကျင်းပခဲ့သည့် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည်ဖြစ်ပါသည်။ ယခုနှစ်ဇွန်လ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ ကမ္ဘာ့ခေါင်းဆောင်များတက်ရောက်မည့် ရီယို+၂၀ ထိပ်သီးညီလာခံကိုလည်း ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပရန်ရှိခြင်း၊ အဆိုပါညီလာခံသို့ မြန်မာနိုင်ငံဒုတိယသမ္မတခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန်ရှိခြင်းတို့မှာ သမိုင်းဝင်ထူးခြားသည့် အကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာ့လူဦးရေသည် သန်းခုနစ်ထောင်ခန့်ရှိပြီး ထက်ဝက်ကျော်နေထိုင်လျက်ရှိသည့် မြို့ကြီးများတွင် စားနပ်ရိက္ခာ၊ ရေနှင့်စွမ်းအင်လိုအပ်ချက်တို့မှာ တိုးမြင့်နေပါ၍ သဘာဝသယံဇာတအရင်းအမြစ်များအပေါ် ကြီးမားသည့်ဖိအားများ ကျရောက်နေပါသည်။ ကမ္ဘာ့ပြည်သူသန်းတစ်ထောင့်သုံးရာခန့်သည် လောလောဆယ်အလုပ်လက်မဲ့ သို့မဟုတ် အချိန်ပိုင်းအလုပ်သမားများဖြစ်ကြပြီး လာမည့်ဆယ်စုနှစ်တွင် လူဦးရေသန်းငါးရာခန့်မှာ အလုပ်အကိုင်များ ရှာဖွေကြရမည်ဖြစ်ပါသည်။ သို့အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိရန်လိုအပ်မည်ဖြစ်ရာ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီရန်လိုအပ်ပါသည်။ စီးပွားရေးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အကြား ပဋိပက္ခမဖြစ်စေရေးအတွက် ကောင်းမွန်သည့် မူဝါဒများချမှတ်ကာ မှန်ကန်သည့်ရင်းနှီးမြှုပ်နှံမှုများဖြင့် နိုင်ငံ၏ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်ပါသည်။ ကာဗွန်သုံးစွဲမှု လျှော့ချရေး၊ သယံဇာတ အရင်းအမြစ်များဖူလုံရေးနှင့် ၂၁ ရာစု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများကိုရွေးချယ်ပြီး ပတ်ဝန်းကျင်မပျက်စီးစေသော အစိမ်းရောင်စီးပွားရေးကိုဖော်ဆောင်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းထားပါသည်။

အစိမ်းရောင်စီးပွားရေးကို လူသားများနေထိုင်မှုဘဝမြင့်မားရေးနှင့်လူမှုရေးဆိုင်ရာ သာတူညီမျှမှုရှိရေးဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ စွန့်စားမှုများနှင့်ဂေဟဆိုင်ရာစိုးရိမ်မှုများ သိသိသာသာ လျှော့ချမှုများ လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ အစိမ်းရောင်စီးပွားရေးကို နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ခေတ်မီစွမ်းအင်ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနေသည့် မြို့ပြများပေါ်ထွန်းရေး၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရေးနှင့် ဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေး၊ လူထုကျန်းမာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်များဖန်တီးပေးနိုင်ပြီး ရေရှည်တည်တံ့သည့် အားလုံးပါဝင်နိုင်သော မျှတမှုရှိသည့် စီးပွားရေးဖွံ့ဖြိုးမှုပေါ်ပေါက်လာရန် အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်ကို မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရသည် ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။ သစ်တောသစ်ပင်ထိန်းသိမ်းရေးသာမက လေထုနှင့်ရေထုညစ်ညမ်းမှုများလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများထိန်းသိမ်းကြပ်မတ်ရေး၊ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီနှင့်ထိန်းညှိဆောင်ရွက်ပေးမည့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမည်ဖြစ်ရာ အခြေခံဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို နိုင်ငံတော်မှ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နည်းဥပဒေများ ရေးဆွဲရန်စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အဆိုပါဥပဒေများအရ နိုင်ငံ၏ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု လျော့နည်းစေရေးအတွက် ဥပဒေကြောင်းအရ ထိန်းညှိဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကိုလည်း တိုးချဲ့ဖွဲ့စည်းခွင့်ရရှိခဲ့ပြီဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ ပါဝင်လာစေရန် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော နည်းပညာများကို ကုန်ကျစရိတ်သက်သာစွာနှင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက တိုင်းပြည်သို့ အသိပေးထားပြီးဖြစ်ပါသည်။




အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လမ်းကြောင်းအသစ်တစ်ခုဟု ဆိုနိုင်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့နှင့် ၂၀၁၂ ခုနှစ် မေလ ၁၀ ရက်နေ့များတွင် ပထမအကြိမ်အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်နှင့် အလွတ်သဘောဆွေးနွေးပွဲများကျင်းပပြီး ဌာနများနှင့် အဖွဲ့အစည်းများသို့ စိမ့်ဝင်ရန်ကြိုးပမ်းခဲ့ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ယိုယွင်းမှု မလွဲမသွေရှိမည်ဖြစ်သော်လည်း ပတ်ဝန်းကျင်ပျက်စီးမှုအနည်းဆုံးဖြစ်စေမည့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းတွင် လျှောက်လှမ်းရန် အချိန်နောက်မကျသေးကြောင်း တင်ပြလိုပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးကိုအခြေခံသည့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများကဲ့သို့ ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုအပေါ် ကြောင့်ကြရန်မရှိသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများက ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရာတွင် ကူညီဆောင်ရွက်ရန်တာဝန်ရှိရာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန်လိုအပ်ပါသည်။ လက်ရှိအနေဖြင့် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation) ဆောင်ရွက်ပြီး သစ်တောများအပေါ် အလွန်အကျွံမှီခိုခြင်းကြောင့် သစ်တောများပျက်စီးဆုံးရှုံးမှုများ ကာကွယ်ရန်အတွက် သစ်တောနယ်မြေထိန်းသိမ်းခြင်းနှင့် ကျေးလက်နေပြည်သူများ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေပြီး ဝင်ငွေတိုးပွားကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုစေမည် ဖြစ်ပါသည်။

၎င်းအပြင် ပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုမရှိစေသည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် (Clean Development Mechanism) များဖြစ်သည့် ဇီဝဒြပ်ထု၊ ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်၊ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ ဘူမိအပူစွမ်းအင်များ ထုတ်လုပ်သုံးစွဲစေခြင်း၊ စွမ်းအားမြင့်မီးဖို၊ ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် ဘွိုင်လာများ ထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့အသုံးပြုခြင်း၊ စားအုန်းဆီကြံ၊ ပြောင်းတို့မှထုတ်လုပ်သော မက်သနောကိုအသုံးပြုခြင်း၊ ရေဆိုးများနှင့် အညစ်အကြေးများမှ မီသိန်းဖြင့် စွမ်းအင်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် သစ်တောပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်ပြီး ကာဗွန်ခရက်ဒစ် (Carbon Credit) ရောင်းချကာဝင်ငွေရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် မီးမောင်းထိုးပြထားသည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအပါအဝင် ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်ပြီး မပျက်ယွင်းသောပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်မည်ဟု ယုံကြည်ပါကြောင်းတင်ပြအပ်ပါသည်။ ။

# သစ်အစားထိုး စတီးပရိဘောဂပစ္စည်းများအသုံးပြုမှုများလာ

**ရေတာရှည် ဇွန် ၄**

နေအိမ်များ တည်ဆောက်ရာတွင် မိရိုးဖလာသစ်၊ ဝါးများကိုသာအဓိက သုံးစွဲကြရသည်ကို တွေ့ရသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီမြို့ပြနှင့် ကျေးလက်ဒေသများတွင် သစ်တောထွက်သစ်၊ ဝါးများ၏နေရာတွင် ပိုမိုလှပခိုင်ခံ့သည့် စတီးဖြင့်အလှဆင်သည့် အိမ်သုံး ပရိဘောဂပစ္စည်းများကို တွင်ကျယ်စွာသုံးစွဲလာကြပြီး မြို့ပြတွင်မက ကျေးလက်ဒေသများတွင်ပါ တပ်ဆင်လာကြသည်ကို မြင်တွေ့ရသည်။ ဈေးကွက်ဝင် စတီးအလှဆင်ပစ္စည်းများတွင် ပန်းကန်စင်၊ ရေအိုးစင်၊ အဝတ်လှန်းစင်၊ ဒန်းပုခက်၊ နေအိမ်ဝရန်တာလက်ရန်း၊ စားပွဲ၊ ကုလားထိုင်၊ ကားဘော်ဒီအမိုးကိုင်း၊ ဆန်းရှိတ်၊ ဘာဂျာတံခါးအစရှိသည့်လုပ်ငန်းများကို မြို့ကြီးများတွင်သာမက နယ်မြို့ငယ်များတွင်ပါ စီးပွားရေးလုပ်ငန်းအသွင်ဖြင့် လူငယ်များဦးဆောင်၍ လုပ်ကိုင်လာကြသည်ကို တွေ့ရှိရသည်။ **(ဝဲပုံ)**



"ဝရန်တာနဲ့လက်ရန်းက ဒီဇိုင်းနဲ့ ပုံသဏ္ဌာန် အရွယ်အလိုက်ကို ကျပ်နှစ်သောင်းကနေ လေးသိန်းအထိရှိတယ်။ ကျန်တဲ့အိမ်သုံးပစ္စည်းတွေကတော့ ကျပ်တစ်သောင်းနှစ်ထောင်ကနေပြီးတော့ ခြောက်သောင်းအထိ အစားစားရှိပါတယ်" ဟု စန္ဒာအောင် စတိန်းလက်စတီးနှင့် အိမ်အလှဆင်လုပ်ငန်းလုပ်ကိုင်သည့် လူငယ်တစ်ဦးမှ ရှင်းပြသည်။ သစ်၊ ဝါးအစားထိုး အိမ်သုံးပစ္စည်းများ ပိုမို၍သုံးစွဲလာကြလျှင် သဘာဝ သစ်တောကြိုးဝိုင်းများမှ ထွက်ရှိသည့် သယံဇာတသစ်ဝါးများ ပြုန်းတီးမှု သက်သာလာနိုင်မည်ဖြစ်သည်။

(၅၇၈)

# ပုဂံပိုလ်ချိုကြေးရုပ်တု ငါ့သရောက်မြို့၌ စိုက်ထူမည်

**မန္တလေး ဇွန် ၄**

နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်သူရဲကောင်းအာဇာနည် ပုဂံပိုလ်ချိုကြေးရုပ်တုအား ဇွန် ၂ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ပြည့်ဝမြန်မာမှုကြေးသွန်းလုပ်ငန်းမှ ဇာတိမြေဖြစ်သော ညောင်ဦးမြို့အရှေ့ဘက်ရှိ ငါ့သရောက်မြို့သို့ကားဖြင့် သယ်ယူခဲ့သည်။**(ယာပုံ)** မြန်မာ့သူရဲကောင်းအာဇာနည် ပုဂံပိုလ်ချိုကြေးရုပ်တုသည် အမြင့် ၇ ပေ ၆ လက်မရှိပြီး ကြေးအလေးချိန်ပိဿာ ၂၀၀ ရှိကာ ငွေကျပ်သိန်းလေးဆယ်ကျော်ကုန်ကျသည်။ အဆိုပါ ကြေးရုပ်တုအား ၂၀၀၉ ခုနှစ် ဧပြီ ၂၀ ရက်တွင် မြန်မာမှုပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ)၊ ဦးလှမြင့် (ပြည့်ဝကြေးသွန်းလုပ်ငန်း)၊ ဦးအောင်တင်ဝင်း (ငါ့သရောက်)နှင့် ဆရာတော်သံဃာတော်များ၊ ရပ်မိရပ်ဖများနှင့်စုပေါင်းပြီး နမူနာပုံစံကို အတည်ပြုခဲ့ပြီး ကြေးသွန်းလုပ်ငန်း စတင်ခဲ့ကြသည်။ ပုဂံပိုလ်ချိုကြေးရုပ်တုအား ငါ့သရောက်မြို့ မြနန္ဒာဘုရားအနီး သင့်တော်သည့်နေရာတွင် စိုက်ထူသွားမည်ဖြစ်သည်။ ပုဂံပိုလ်ချိုသည် AD ၁၈၈၆ မှ ၁၈၉၅ ခုနှစ်ထိ ၁၀ နှစ် နီးပါး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ပြီး သစ္စာဖောက်တို့ သတင်းပေးမှုကြောင့် ၁၈၉၅ ခုနှစ်တွင် အဖမ်းခံခဲ့ရပြီး ငါ့သရောက်မြနန္ဒာ ကန်တော်ကြီးကုန်းတွင် ကြိုးပေးကွပ်မျက်ခံခဲ့ရသည့် မျိုးချစ်အာဇာနည်တစ်ဦးဖြစ်သည်။ (ဘဦး)



# မန္တလေး၌ ကျောင်းအပ်နှံရေးအခမ်းအနားများ ကျင်းပ

**မန္တလေး ဇွန် ၄**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်ထိ သတ်မှတ်ပြီး ကျောင်းအပ်နှံရေးအခမ်းအနားများကို မန္တလေးတိုင်းဒေသကြီး မြို့နယ်များတွင် ကျင်းပခဲ့သည်။ **(ယာပုံ)** မသင်မနေရ မူလတန်းပညာရေးစနစ်ဦးတည်၍ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်စီ အခမဲ့ထောက်ပံ့ပေးသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ အလယ်တန်းပညာသင်ဆု ပဥ္စမတန်းမှ အဋ္ဌမတန်း ကျောင်းသားကျောင်းသူများအား တစ်လလျှင်ငွေကျပ်တစ်သောင်းနှုန်း၊ အထက်တန်းပညာသင်ဆု နဝမတန်းနှင့် ဒသမတန်း ကျောင်းသားကျောင်းသူများအား တစ်လလျှင် ကျပ်တစ်သောင်းငါးထောင်နှုန်း ချီးမြှင့်ပေးသည်။ အခြေခံပညာသင်ကျောင်းများအနေဖြင့် သတ်မှတ်ထားသော မိဘဆရာအသင်းကြေး၊ စာကြည့်တိုက်ကြေး၊ အားကစားကြေးစသည့် သတ်မှတ်ရန်ပုံငွေနှင့် ကျောင်းလခတို့မှအပ မိဘများဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အခြားငွေကြေးကောက်ခံခြင်းများမပြုရန် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ပညာရေးစေတနာရှင်များကလည်း စာရေးကိရိယာ၊ ဗလာစာအုပ်၊ ငွေကြေးများပံ့ပိုးကူညီလျက်ရှိကြောင်းသိရသည်။

(သီဟကိုကို-မန္တလေး)



သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့





နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အခြေခံ သံတမန် ရေး ရာ ကျွမ်းကျင်မှုသင်တန်း (၂၈/၂၀၁၂) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၄**

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း (၂၈/ ၂၀၁၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းတွင် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများ ကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများ ရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှုပညာတို့ကို ပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၉၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

# စုပေါင်းသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇွန် ၄**

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Mount Pleasant Resort Hotel မှ ဒါရိုက်တာဦးသက်ဦး ဦးဆောင်သည့် ဝန်ထမ်းမိသားစုများနှင့် ၁၉၉၄-၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ အသင်းဝင်များက ဖိုးဇောင်းတောင်ရှိ နေပြည်တော်တပ်ကုန်း အမှတ်(၂)လမ်းနှင့် သီရိမဏ္ဍိုင်လမ်းထောင့်နှင့် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းတို့၌ အရိပ်ရသစ်ပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။**(ယာပုံ)** (သတင်းစဉ်)





# ပုလဲသွယ် စပ်မျိုးစပါးဝယ်ယူ

**ပျဉ်းမနား ဇွန် ၄**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် ပုလဲသွယ် စပ်မျိုးစပါး နွေစပါးစိုက်ဧက ၂၃၅၆ ဧက စိုက်ပျိုးခဲ့ရာ ထွက်ရှိလာသည့် အဆိုပါ စပါးများကို ရွှေဟသ်ာကုမ္ပဏီက မေလ ၁၈ ရက်နေ့မှ စ၍ တင်း ၁၀၀ လျှင် လေးသိန်းနှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)** (၅၈၆)

## နိုင်ငံတကာ အနုပညာရပ်ဝန်း

# မက္ကာအိုမြို့တွင် ဂီတပဒေသာကပွဲ ကျင်းပမည့် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့များ

နာမည်ကျော် ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့များဖြစ်သည့် Girls' Generation၊ U-Kiss၊ B.A.P နှင့် SHINee တို့သည် မက္ကာအိုမြို့၌ ဇူလိုင် ၂ ရက်တွင် ကျင်းပမည့် K-POP Nation Concert ဟု အမည်ပေးထားသည့် ပေါ့ပ်ဂီတပဒေသာဖျော်ဖြေပွဲအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း B.A.Pဂီတအဖွဲ့၏ အေဂျင်စီ TS က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ပြန်ကြေညာသည်။**(အပေါ်ယာပုံ)**

အာရှပရိသတ်များ ပိုမိုရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ဖျော်ဖြေတင်ဆက်မည့် အဆိုပါဂီတပဒေသာ ဖျော်ဖြေပွဲသည် ပုံမှန်ပြုလုပ်နေကျ ဂီတဖျော်ဖြေပွဲများထက် ပိုမိုထူးခြားဆွဲဆောင်နိုင်မည် ဖြစ်ပြီး ဒေသခံရုပ်သံလိုင်းများဖြစ်သည့် MBCရုပ်သံလိုင်း၊တရုတ်နိုင်ငံမှ CCTV ရုပ်သံလိုင်းနှင့် ဟောင်ကောင်မှ NOW ရုပ်သံလိုင်းတို့က ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ယင်းဂီတပဒေသာ ဖျော်ဖြေပွဲသည် ကိုရီးယားပေါ့ပ်ဂီတကို ကမ္ဘာ့တစ်ဝန်း ပျံ့နှံ့စေရန် စွမ်းဆောင်ရာတွင် မဟာအခွင့်အရေးတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း ဂီတဖျော်ဖြေပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

မက္ကာအိုမြို့ရှိ ကော့တိုင်အရီနာဂီတဖျော်ဖြေပွဲခန်းမတွင် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ ယင်းခန်းမတွင် ယခင်က ကမ္ဘာကျော် အဆိုတော်များဖြစ်ကြသည့် လေဒီဂါဂါ၊ ဘီယွန်စေး၊ လင်းကင်းပါ့ခ်၊ ချားရစ်ဘရောင်းနှင့် စလင်းဒီယွန်တို့၏ ဖျော်ဖြေပွဲများ ကျင်းပခဲ့ဖူးသည့်နေရာဖြစ်သည်။

***အင်တာနက်။***




# The King 2 Hearts ရုပ်သံဇာတ်လမ်းတွဲ ဟောင်ကောင်နှင့် ဂျပန်သို့ ရောင်းချခဲ့ရ

ကိုရီးယားအဆိုတော်နှင့် သရုပ်ဆောင်မင်းသား လီဆောင်ဂီနှင့် နာမည်ကျော် မင်းသမီးဟာဂျီဝန်တို့



အဓိကခေါင်းဆောင် ပါဝင်လှုပ်ရှားထားသည့် The King 2 Hearts ရုပ်သံဇာတ်လမ်းတွဲမှာ ပြည်ပရုပ်သံလိုင်းအများအပြား၏ စိတ်ဝင်စားခြင်းဖြင့် အောင်မြင်မှုရလျက်ရှိသည်။

အမ်ဘီစီရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ ယင်းဇာတ်လမ်းတွဲကို ဟောင်ကောင်နှင့် ဂျပန်နိုင်ငံတို့တွင် ထုတ်လွှင့်ပြသရန် ရောင်းချထားကြောင်း၊ လွန်ခဲ့သည့်နှစ်လက ဟောင်ကောင်တွင် ကျင်းပခဲ့သည့် ဟောင်ကောင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်နှင့် ရုပ်သံလိုင်းဈေးကွက်တွင် The King 2 Hearts ရုပ်သံဇာတ်လမ်းတွဲမှာ ရုပ်သံလိုင်းအများအပြား၏ စိတ်ဝင်စားမှုကိုရရှိခဲ့ကြောင်း၊ ဟောင်ကောင်တွင် အမြင့်ဆုံးဈေးဖြင့် ရောင်းချနိုင်ခဲ့သကဲ့သို့ ဂျပန်နိုင်ငံသို့လည်း ရောင်းချခဲ့ရာ ဩဂုတ်လတွင် ဖြန့်ချိပြသမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လီဆောင်ဂီနှင့် ဟာဂျီဝန်**(ဝဲပုံ)**တို့ သရုပ်ဆောင်ထားသည့် အဆိုပါဇာတ်လမ်းတွဲသည် မြောက်ကိုရီးယားသူနှင့် တောင်ကိုရီးယားနိုင်ငံသားတို့၏ ချစ်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။

***အင်တာနက်။***

အောဝမ်းစိုး

## ယနေ့ ဖတ်စရာ မှတ်စရာ

**မြတ်ဆွေ**

# ကွမ်းစားသူများ

လွန်ခဲ့သောနှစ် လေးငါးဆယ်က သတင်းထောက်တစ်ဦးအဖြစ် မဟာရန်ကုန် နေရာအနှံ့ ရောက်ပါသည်။ စည်ပင်သာယာရုံး၊ မြို့နယ်ကောင်စီရုံး၊ တရားရုံး အသီးသီးတို့ကိုလည်း ရောက်ပါသည်။ ထိုရုံးနေရာများ၌ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်ကလေးများသာ ရှိပါသည်။

ယခုအခါမှာတော့ ကွမ်းယာဆိုင်အတော်များများ နေရာယူလာပါပြီ။ ရုံးတစ်ရုံးအနီး လမ်းဘေးကွမ်းယာဆိုင် သုံးလေးဆိုင်ရှိနေသည်။ လူများစွာ ကွမ်းစားနေကြပြီ။ ကွမ်းစားမှ ခေတ်မီသည် ဆိုရလေမလား၊ တချို့လူငယ်ကလေးများ သွားတွေမည်း၊ နှုတ်ခမ်းတွေဖူးရောင်နေသည်မှာ အလွန်အရုပ်ဆိုး အကျည်းတန်လှသည်။

ကွမ်းစားခြင်းသည် အစာအိမ်ရောဂါ၊ ခံတွင်းကင်ဆာရောဂါ ဖြစ်လွယ်သည်ဟု ဆရာဝန်များက သတိပေးကြပါ၏။ သို့သော် မဆင်ခြင်ကြပါ။ ကိုယ့်ကျန်းမာရေး ကိုယ် ဂရုမစိုက်တာ ရှိစေတော့။

သို့သော် ကွမ်းစားသူများကြောင့် မြို့တော်အလှအပ ပျက်စီးနေရပြီ။ ရုံးခန်းတွေရှေ့မှာ၊ လှေကားတွေထောင့်မှာ ကွမ်းတံတွေးတွေ မြင်မကောင်းပါ။ ဘုရားကျောင်းကန်ပေါ်မှာလည်း ကွမ်းတံတွေးဖြင့် အရုပ်ဆိုးလှသည်။

အိန္ဒိယပြည် ကာလကတ္တားမြို့ရှိ သံမဏိတံတားကြီးတစ်ခုတွင် သံမဏိပေါင်ထောင့်တစ်နေရာမှာ ကွမ်းတံတွေးဒဏ်ကြောင့် ပျက်စီးနေပုံကို သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရသည်။ ထိုနေရာကို ကွမ်းတံတွေး မထွေးရန် ကာရန်ပြီး စာကပ်ထားရသည်ဆို၏။ မြို့တော်ရန်ကုန်အနှံ့မှာ ကွမ်းယာသည်တွေ ပေါလှ၏။ သက်ဆိုင်ရာက စနစ်တကျကြပ်မတ်ပြီး အရက်ယမကာပစ္စည်းများသဖွယ် အခွန်အခကောက်ခံလျှင် ကောင်းလေမလား စဉ်းစားမိသည်။

မည်သို့ပင်ဆိုစေ ရန်ကုန်မြို့လယ် လူမြင်ကွင်းမှာ သံဆန်ခါတွေ၊ အုတ်တံတိုင်းတွေမှာ ကွမ်းတံတွေးတွေ နေရာယူနေသည်မှာ မြင်မကောင်းပါ။ စုပေါင်းတားဆီးကြဖို့ လိုပါသည်။

# တားဆီးမရနိုင်သော ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြင့် ဆုံးရှုံးမှုမှ လျော့ပါးစေနိုင်

**ရန်ကုန် ဇွန် ၄**

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော မြေငလျင်လှုပ်ရှားမှုအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုမှ လျော့ပါးစေနိုင်မှာဖြစ်ကြောင်း ဇွန် ၂ ရက်က ကျင်းပသည့် မြန်မာနိုင်ငံတွင် ငလျင်အန္တရာယ်လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် လျှော့ချရေး၊ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွေ့အကြုံ နှီးနှော ဖလှယ်ပွဲမှ သိရသည်။ မြန်မာနိုင်ငံတွင် ငလျင်အန္တရာယ်လျှော့ချရန် ဦးတည်ချက်ဖြင့် ၁၉၅၉ ခုနှစ်မှစ၍ ဘူမိသိပ္ပံပညာရှင်များက မြန်မာနိုင်ငံအတွက် ငလျင်ဇုန်မြေပုံ (Seismic Zone Map) ငါးမျိုး ရန်ကုန်ဒေသနှင့် ငလျင်ဘေးအန္တရာယ်ပိုများသော မြို့ပြဒေသကြီးသုံးခုအတွက် အနုစိတ်ငလျင်ဇုန်မြေပုံများ (Seismic microzone maps) ကို ခေတ်အဆက်ဆက်တွင် လေ့လာဖော်ထုတ် ရေးဆွဲခဲ့ကြကာ ရှင်းလင်းဖော်ပြချက်များကိုပါ ရေးသား၍ သက်ဆိုင်ရာများထံသို့ ဖြန့်ဝေခဲ့ကြသည်။ယင်းမြေပုံများနှင့်ပူးတွဲ၍ ရှင်းလင်းရေးသားဖော်ပြချက်များသည် ဆောက်လုပ်ရေးနှင့် အကြီးစားဆောက်လုပ်ရေးစီမံကိန်းများအတွက် အထိုက်အလျောက် အကျိုးရှိစေခဲ့ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီ၏ နာယကလည်းဖြစ်သူ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ဒေါက်တာဦးသိန်းထံမှ သိရှိရသည်။

မြန်မာနိုင်ငံအတွက် ပြင်းထန်အားအများဆုံးဟု သတ်မှတ်ထားသော ငလျင်ဇုန်မှာ ပျက်စီးမှုများဇုန် (Destructive zone) ဖြစ်နိုင်သော အမြင့်ဆုံးတန်ဖိုးများ 0.4-0.5g ဖြစ်၍ ၎င်းသည် ယေဘုယျအားဖြင့် မာကယ်လီစကေး အတန်း (၉)နှင့် တူညီခြင်းဖြစ်ကြောင်း၊ ထိုဇုန်တွင် ဒေသလေးခုပါဝင်၍ ၎င်းတို့မှာ ပဲခူး-ဖြူး-မန္တလေး-စစ်ကိုင်း - တကောင်း၊ ပူတာအို - တနိုင်းနှင့် ကလေး - ဟုမ္မလင်းဒေသတို့ဖြစ်ကြပြီး နောက်ဆုံးဖော်ပြထားသော ဒေသနှစ်ခုတွင် ငလျင်ပြင်းထန်အား များနိုင်သော်လည်း ငလျင်ဘေးအန္တရာယ်မှာ အလယ်အလတ်သာဖြစ်ကြောင်း၊ ဤသို့ ဖြစ်ရခြင်းမှာ ယင်းဒေသများတွင် မြို့ကြီးပြကြီးများ မရှိဘဲ လူနေထိုင်မှုနည်းပါးခြင်းကြောင့်လည်း ဖြစ်ကြောင်း၊ ငလျင်ဇုန် (၄) (ပြင်းထန်ဇုန်-ဖြစ်နိုင်သော အမြင့်ဆုံးတန်ဖိုးများ 0.3-0.4g)တွင် ကျရောက်သည့် မြို့ကြီးများမှာ တောင်ငူ၊ တောင်တွင်းကြီး၊ ပုဂံ-ညောင်ဦး၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ရွှေဘို၊ ဝန်းသို၊ ခန္တီး၊ ဟားခါး၊ မြစ်ကြီးနား၊ တောင်ကြီးနှင့် ကွမ်းလုံတို့ဖြစ်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငလျင်ဘေးအန္တရာယ်လျှော့ချရေးအတွက် အဓိကလုပ်ဆောင်သင့်သော နည်းလမ်းများ၊ လုပ်ငန်းများနှင့် ပတ်သတ်၍ ငလျင်မလှုပ်မီနှင့် ငလျင်လှုပ်ပြီးနောက် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ငလျင်လှုပ်နေစဉ်၊ ငလျင်လှုပ်ပြီး အချိန်များတွင် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်း ပညာရှင်များက ဖော်ထုတ်အကြံပြုထားပြီးဖြစ်သောကြောင့် ယင်းအချက်များကို ကြိုတင်လေ့လာသိရှိထားကြရန် လိုအပ်ခြင်းလည်းဖြစ်သည်။ အဆိုပါမြေငလျင်နှင့် ပတ်သက်၍ နည်းလမ်းပေါင်းစုံမှ လေ့လာ၊ စမ်းသပ်၊ ကြိုးစားလုပ်ဆောင်နေလျက်ရှိသော်လည်း သိပ္ပံနှင့် နည်းပညာအလွန်တိုးတက်သော နိုင်ငံများ၌ပင် ငလျင်ကြိုတင်ခန့်မှန်းချက်များကို မပေးနိုင်သေးဘဲ အနာဂတ်ကာလတွင်လည်း ပေးနိုင်မည့်အလားအလာ အလွန်နည်းပါးနေသေးခြင်းဖြစ်သောကြောင့် ငလျင်ဘေးအန္တရာယ် လျှော့ချလုပ်ဆောင်ရန်အတွက် နည်းလမ်းများ ရှာခြင်းဖြင့်သာ လက်တွေ့ကျကြောင်း ယင်းပုဂ္ဂိုလ်က ဆိုသည်။

ဘေးဒုက္ခအတွက် စီမံဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ဘေးဒုက္ခတစ်ခုကျရောက်လာသောအခါ (၁)တုံ့ပြန်မှုနှင့် ကယ်ဆယ်မှု (response and relief )၊ (၂) ရေရှည်ပြန်လည်ထူထောင်မှု (rehabilitation and recovery)၊ (၃) ဘေးအန္တရာယ်လျှော့ချရေး ကြိုတင်လုပ်ဆောင်မှု (mitigation)၊ (၄) ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု (preparedness) ဟူသော အဓိက အပိုင်းလေးပိုင်းပါဝင်ပြီး အပိုင်း(၃) အမှတ်(၁)နှင့် (၂)သည် "ကုသမှု" အပိုင်းဖြစ်၍ အပိုင်းအမှတ်(၃)နှင့် (၄)တို့သည် "ကြိုတင်ကာကွယ်မှု" အပိုင်းဖြစ်ကြောင်း၊ "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်း၏" (Prevention is better than cure.) ဟူသော ဆိုရိုးစကားနှင့်အညီ အခြားဘေးအန္တရာယ်များကို လျှော့ချရေးမှာကဲ့သို့ပင် ငလျင်ဘေးအန္တရာယ်လျှော့ချရေးတွင်လည်း ကြိုတင်ကာကွယ်လုပ်ဆောင်ရေးအပိုင်းသည် ပိုမိုကောင်းမွန်ထိရောက်ပြီး အလေးထားလုပ်ဆောင်ခြင်းများဖြင့် အနာဂတ်ငလျင်များကြောင့် ပျက်စီးဆုံးရှုံးနိုင်မှုများအတွက် လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ (ထက်ခိုင်-စမ်းချောင်း)

## သံသယအမှောင်တိုက်များ ပြယ်လွင့်ပျောက်ပျက်ရေး

ကျွန်တော်တို့နိုင်ငံ ဒီလိုမျိုး မျှော်လင့်ချက်တွေ စတင်ဖြစ်ပေါ်လာတာ၊ ဒီလိုမျိုးအိပ်မက်တွေစပြီး မက်နိုင်တာ ဒီကနေ့ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံး နိုင်ငံနဲ့ ပြည်သူလူထုရဲ့ ဘုံအကျိုးစီးပွားအတွက် ပေါင်းစည်းနိုင်ခဲ့ချိန်ရောက်မှ ဖြစ်ပါတယ်။ နိုင်ငံရဲ့သမိုင်းကြောင်းမှာလည်း တစ်သက်မှာ တစ်ခါဆို ဆိုသလောက်ရခဲလှတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ ရွှေရောင်မျှော်လင့်ချက်တွေ မှေးမှိန်ပျောက်ကွယ်သွားမှာကိုလည်း ကျွန်တော်တို့ စိုးရိမ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီလိုမျိုး အိပ်မက်မက်ခွင့် ရရှိဖို့ နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ သမိုင်းကြောင်း လည်ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံမှာ သံသယအမှောင်တိုက်တွေ ဖုံးလွှမ်းခဲ့တဲ့အတွက် ပြည်တွင်းစစ်မီးလျှံတွေ၊ ဆင်းရဲနွမ်းပါးမှုတွေနဲ့ အဆိုးသံသရာလည်ခဲ့ရတာ ဖြစ်ပါတယ်။ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ ပြန်လည်ဦးမော့စပြုလာတာ မကြာသေးပါဘူး။ ကျွန်တော်ဆိုရင်လည်း အသက်ကြီးနေပါပြီ။ ကျွန်တော့် အမိမြေ မြန်မာနိုင်ငံကို ပြန်လည်အလုပ်အကျွေးပြုရင်း မွေးရပ်ဇာတိမှာပဲ အေးအေးချမ်းချမ်း ခေါင်းချသွားလိုတဲ့ ဆန္ဒရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့လို ပြည်ပရောက် မြန်မာနိုင်ငံသားတွေ စိတ်ချယုံကြည်စွာ ပြည်တော်ပြန်နိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်ပေးဖို့လည်း အကြံပြုလိုပါတယ်။

ကမ္ဘာ့သမိုင်းကြောင်းမှာပဲ ဖြစ်ဖြစ်၊ မြန်မာ့ရာဇဝင်မှာပဲဖြစ်ဖြစ် ခေါင်းဆောင်ကောင်းတွေရဲ့ ဦးဆောင်မှုအောက်မှာ အဲဒီနိုင်ငံတွေ ထွန်းတောက်ခဲ့တာပဲဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့အတွက် မျှော်လင့်ချက် ခေါင်းဆောင်နှစ်ဦး ပေါ်ထွန်းလာပြီလို့ ကျွန်တော့်အနေနဲ့ အခိုင်အမာ ယုံကြည်ထားပါတယ်။ ဒီခေါင်းဆောင်နှစ်ဦးအပေါ်မှာ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ အားကိုးတကြီး ပုံအပ်ထားတာဖြစ်ပါတယ်။ ဒီခေါင်းဆောင်ကြီး နှစ်ဦးစလုံး တစ်ဦးအပေါ် တစ်ဦး ယုံယုံကြည်ကြည် နားလည်မှုရှိရှိ လက်တွဲပူးပေါင်းနိုင်ရေးဟာ နောင်လာမယ့် မြန်မာနိုင်ငံ အနာဂတ်နဲ့ အခိုင်အမာဆက်နွှယ်နေတာဖြစ်ပါတယ်။ ဒီခေါင်းဆောင်ကြီး နှစ်ဦးအကြားမှာ၊ ဒီခေါင်းဆောင်ကြီးနှစ်ဦးရဲ့နောက်က လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေကြားမှာ သမိုင်းနွံနစ်မယ့် သံသယတွေ မဖြစ်စေချင်တာ အရိုးခံဆန္ဒပါ။ ဒီအတွက် စိတ်ပူပင်ရတာတွေလည်း ကျွန်တော်တို့ မဖြစ်ချင်တော့ပါ။ သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန် ယုံကြည်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဖြစ်ပါတယ်။ ခေါင်းဆောင်ကြီး နှစ်ဦးဟာ ကျွန်တော်တို့ထက် ပိုမိုပြီး အနာဂတ်ကို သိမြင်မှန်းဆနိုင်မှာ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အခိုင်အမာယုံကြည်ထားပါတယ်။ ဒါ့ကြောင့်လည်း သံသယဆိုတဲ့နေရာမှာ မြူမှုန်တစ်စ ပမာဏတောင် အစမပြုစေချင်တာအမှန်ပါ။

### နိဂုံး

ကျွန်တော်ရောက်ရှိနေတဲ့ အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးသမားအတော်များများ(ရီပတ်ဘလီကင်ရော၊ ဒီမိုကရက်ပါ)မြန်မာ့အရေးကို အတော်ကလေး စိတ်ဝင်စားနေတာ တွေ့ရှိရပါတယ်။ အခုနှစ်ကုန်ပိုင်းမှာ သမ္မတရွေးကောက်ပွဲအတွက် အဆုံးအဖြတ်ပေါ်ထွက်လာတော့မှာဖြစ်ပြီး သတင်းများအရ အိုဘားမားက အလေးသာနေပါတယ်။ ဒါပေမယ့် အိုဘားမား ဆက်လက်တာဝန်ယူသည်ဖြစ်စေ၊ မစ်ရွန်းနီ တက်လာသည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံအပေါ် ထားရှိတဲ့ မူဝါဒကတော့ ပိုပြီးပျော့ပျောင်း၊ ပိုပြီးကောင်းလာဖို့သာရှိပါတယ်။ အမြင်တွေ၊ သဘောထားတွေ ပြောင်းလဲနေတာ ကျွန်တော်တို့ တွေ့နေရပါတယ်။ တချို့ဆိုရင် Sanction ကို Fully Lift လုပ်ဖို့ တိုက်တွန်းနေကြတာရှိသလို တချို့ဆိုရင် ကချင်ပြည်နယ် သေနတ်သံတွေ စဲသွားရင် တိုင်းပြည်ငြိမ်းချမ်းဖို့ ရောင်နီပေါ်ထွက်လာတော့မယ်လို့ ထုတ်ဖော်ပြောကြားနေတာတွေ ရှိပါတယ်။

သူတို့ရဲ့ နှီးနှောဖလှယ်ပွဲတွေမှာ မြန်မာ့အရေးကျွမ်းကျင်သူတွေနေရာ အတော်ရလာတာလည်း တွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရက်တိုင်ဇေးရှင်းက မိုဒယ်လ်အသစ် ဖြစ်လာနေတာကြောင့်ပါပဲ။ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာနဲ့ စနစ်တကျ ကူးပြောင်းနိုင်ခဲ့တဲ့ လမ်းစဉ်အသစ်ကြောင့်ပါပဲ။ ပညာရှင်တွေအကြားမှာလည်း မြန်မာ့လမ်းစဉ်ဟာ ရေပန်းစားနေပြီ ဖြစ်ပါတယ်။ သူတို့အားလုံး တညီတညွတ်တည်း လက်ခံထားတာ တစ်ခုရှိပါတယ်။ အဲဒါကတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ တစ်ချိန်တည်း စီးပွားရေးပြုပြင်ပြောင်းလဲမှု လိုက်ပါပြောင်းလဲနိုင်ဖို့ ဖြစ်ပေါ်လာတဲ့ အပြောင်းအလဲမှာ မြန်မာ့ စီးပွားရေးဦးမော့မှုကို ဖြစ်မယ်၊ မြန်မာ့စီးပွားရေး ဦးမော့ဖို့ ကြာရှည်နေမယ်၊ နှောင့်နှေးနေမယ်ဆိုရင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေရဲ့ အနာဂတ်ဟာ စိုးရိမ်စရာ သိပ်ကောင်းလာမယ်ဆိုတဲ့ သုံးသပ်ချက်ပဲ ဖြစ်ပါတယ်။ (ဒါ့ကြောင့်လည်း သူတို့က စီးပွားရေးဘက်ကို အထောက်အကူပေးလာနေတာပဲ ဖြစ်ပါတယ်။)

ဒီမှန်းဆချက်ဟာ မှန်ပါတယ်။ နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲတာ နှစ်နဲ့ချီနေတောင်မှ လူမှုစီးပွားရေး တိုးတက်ပြောင်းလဲမလာဘူးဆိုရင် ဒီနိုင်ငံရေးစနစ်အပေါ်မှာ ပြည်သူတွေ သံသယဖြစ်လာနိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့ အကြီးမားဆုံးသော ခြိမ်းခြောက်မှုလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့မျှော်လင့်ချက် ခေါင်းဆောင်နှစ်ဦးစလုံးကို ကျွန်တော့်အနေနဲ့ အနူးအညွတ် မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ကို စိုးပိုင်ထားတဲ့ စီးပွားရေး ဦးမော့လာရေးကို ဆောင်ကြဉ်းပေးပါ။ ကျွန်တော်တို့ရဲ့ အလုပ်လက်မဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးပါ။ ကျွန်တော်တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အချိန်တိုတိုအတွင်း ပေါ်ထွက်လာဖို့ ရင်းနှီးမြှုပ်နှံမှုတွေ လက်ခံပေးပါ။

ကျွန်တော်တို့ပြည်သူတွေရဲ့အနာဂတ်ဟာ သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ခေါင်းဆောင်ကြီးနှစ်ဦးအပေါ်မှာ တည်မှီနေတယ်ဆိုတာကို သတိမလွတ်စေဘဲ နားလည်မှု၊ ယုံကြည်မှုခိုင်မာစွာနဲ့ လက်တွဲပူးပေါင်း ဆောင်ရွက်ပေးကြပါ။ မြန်မာ့နိုင်ငံရေးမှာ လွတ်လပ်ရေးရရှိပြီးကတည်းက ပေါ်ပေါက်ခဲ့တဲ့ သူ့ဘက်၊ ကိုယ့်ဘက်ဆိုတဲ့ ဘက်အမြင်တွေ၊ ဘက်အတွေးတွေ၊ ဘက်အစွဲတွေ ကင်းဝေးပြီး ပြည်သူ့ဘက် တစ်ဖက်တည်းကိုပဲ ရှေးရှုဦးတည်ကြတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ဆောင်ကြဉ်းပေးပါလို့ ကျွန်တော့်အနေနဲ့ တောင်းဆိုလိုက်ရပါတယ်။ ကျွန်တော်တို့ အိပ်မက်တွေ လက်တွေ့အကောင်အထည် ပေါ်လာပါစေ။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသော အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်

နေပြည်တော် ဇွန် ၄

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Shangri-La Hotel ၌ မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ ကျင်းပသော အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(World Economic Forum on East Asia) သို့ အဖွဲ့ဝင်များဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်တို့နှင့်အတူ တက်ရောက်ခဲ့ကြသည်။**




**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Shangri-La Hotel ၌ ကျင်းပသော အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်၍ ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၃၀ ရက်တွင် Shangri-La Hotel, Brunei Room ၌ ကျင်းပသည့် Energy Security and Infrastructure Round Table: ASEAN Five-Year Plan in Energy သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအခြေအနေ၊ ASEAN Plan of Action on Energy Cooperation 2010-2015 တွင် ပါဝင်ပြီး Energy Infrastructure ဖြစ်သော ASEAN Power Grip, Trans-ASEAN Gas Pipeline တို့၌ မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် Brunei Room ၌ ကျင်းပသော New Energy Architecture for East Asia ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁ ရက်တွင် Shangri-La Hotel, Ayutthaya/Plenary Hall ၌ ကျင်းပသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ တတိယမြောက်နေ့ အစီအစဉ်တွင် ပါရှိသည့် The Promise and Future of Myanmar ခေါင်းစဉ်ဖြင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ရှင်းလင်းပြောကြားရာ၌ လက်ရှိဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နေမှု၊ ပြည်သူများ၏ အခြေခံအခွင့်အရေးများ ရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေး ဆောင်ရွက်နေမှုများ၊ ပြည်သူများ အဓိကလိုလားချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေး ဆောင်ရွက်နေမှုများ၊ ပြည်သူများ၏ ဒုတိယလိုလားချက်ဖြစ်သည့် ခိုင်မာတောင့်တင်းသော စီးပွားရေးဖြစ်ပေါ်ရေး ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏အနာဂတ်ကာလ ဖြစ်ပေါ်လာမည့် အလားအလာကောင်းများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်အား အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ကမ္ဘာ့စီးပွားရေးဖိုရမ် တည်ထောင်သူနှင့် အမှုဆောင်ဥက္ကဋ္ဌ Professor Mr. Klaus Schwab က မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ ပိုမိုရောင်းချရမှုနှင့် ဈေးကွက်အခြေခံသည့် ငွေကြေးလဲလှယ်နှုန်းအရ အသားတင်ဝင်ငွေတိုးတက်ရရှိနေမှုနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက အသားတင်ဝင်ငွေရရှိမှုမှ လူမှုရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရှေ့ဆက်လက်၍ တိုးမြှင့်သုံးစွဲသွားရန်ရှိကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အစည်းအဝေးရက်များအတွင်း ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arak Chonlatanon ဦးဆောင်သော အဖွဲ့၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Sihasak Ketkeow ဦးဆောင်သော အဖွဲ့နှင့် PTT Public Co., Ltd. ၏ President and Chief Executive Officer, Dr. Pailin Chuchottaworn ဦးဆောင်သောအဖွဲ့တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ အကူအညီပံ့ပိုးပေးရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် Shangri-La Hotel ၌ ကျင်းပသည့် ခရီးသွားကဏ္ဍနှင့် သက်ဆိုင်သည့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲ အတားအဆီးများ ဖြေလျှော့ရေး၊ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု တိုးတက်မြင့်မားရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ကြော်ငြာမှုနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ခရီးသွားကဏ္ဍတွင် မြန်မာနိုင်ငံက တက်ကြွစွာ ပူးပေါင်းပါဝင်နေမှု၊ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ(၂၀၁၀-၂၀၁၅)၏ လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုအခြေအနေ၊ ဒေသတွင်းပေါင်းကူးဆက်သွယ်မှု အစီအစဉ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံရှိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းများ၊ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်သည် မေ ၃၁ ရက်တွင် Shangri-La Hotel, Shangri - La Lobby ၌ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ Senior Director, Head of Industries, Mr. Roberto Bocca ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ New Energy Architecture ကို မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်နိုင်ရေးနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးကာ အဆိုပြုချက်အား အမြန်ဆုံးတင်ပြရန် ညှိနှိုင်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၆-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ ပရိတ်တရားတော်
၈း၁၅ ၂။ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ
၈း၄၀ ၃။ International News

**ညပိုင်း**

၄း၄၅ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၅း၀၅ ၂။ ကြေးမုံရိပ်သွင်တေးနှယဉ်
၅း၁၅ ၃။ "စိမ်းမြခက်ဝေ"
၅း၄၅ ၄။ "ရင်ခုန်စောင့်စားယူရိုဖလား" (အုပ်စု-B)
၆း၂၀ ၅။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး" (အပိုင်း-၉)
၈း၀၀ ၇။ ပြည်တွင်းသတင်း
၈။ ချိုမြိန်ရသာမုန့်ကမ္ဘာ
၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၁၂)
၁၀။ အိန္ဒိယရုပ်ရှင် "အချစ်ကိုသိချိန်" (အပိုင်း-၂)

## အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီနှင့် ကယားပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များသည် ဇွန် ၁ ရက် နံနက် ၈ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့နှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ကယားပြည်နယ်သို့ လာရောက်ရသည့် ကော်မတီ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ တွေ့ဆုံပွဲကို နံနက် ၉ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ ဥပဒေပညာရှင်များနှင့် ကော်မတီဥက္ကဋ္ဌတို့က ပြန်လည်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အား ကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ အိတ်ဆောင်စာအုပ်များကို ပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲ ၁ နာရီခွဲတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိ မြို့ဖများ တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ဦး၊ ကယားတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးလူရယ်နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များသည် နံနက် ၆ နာရီတွင် လွိုင်ကော်မြို့ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်နှင့် သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီတော်တို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ဇွန် ၂ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)



**အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီနှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး ဦးဆောင်သော ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

❖ **ကျောဖုံးမှ**

မြန်မာနိုင်ငံဘဏ် သင်တန်းကျောင်း (နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘဏ်လုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်စေရန် ယခုကဲ့သို့သော သင်တန်းများ ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေး ကဏ္ဍဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းဆိုင်ရာ တိုးတက်မှုများအနေဖြင့် (၁-၁၁-၂၀၁၁)ရက်ကစပြီး ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်မှ အလိုအလျောက် ငွေထုတ်စက်များဖြင့် ငွေထုတ်ပေးမှုဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ Myanmar Payment Union ကို တည်ထောင်ပြီး ပထမအဆင့်တွင် Intra Bank Network တည်ထောင်ခြင်း၊ ဒုတိယအဆင့်တွင် Inter Bank Network တည်ထောင်ခြင်းနှင့် တတိယအဆင့်တွင် International Linkage လုပ်ဆောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၂ ခုနှစ် ဇွန်လမှစတင်၍ Debit Card များကို သုံးစွဲနိုင်စေရန် အတွက်လည်း လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးနေကြောင်း။

ဘဏ်လုပ်ငန်းများကို နိုင်ငံခြားဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်စေရန် သင်တန်းသား သင်တန်းသူများအနေဖြင့် ခေတ်နှင့်လျော်ညီသည့် ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများရှိစေရန် အထူးလိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များမှာ လက်တွေ့လုပ်ငန်းခွင်တွင် များစွာအသုံးဝင်သည့်အတွက် ကြိုးပမ်းသင်ယူကြရမည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးရင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများ၏ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေဆောင်ရွက်သွားရေး ဦးတည်ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၄၀ တို့သည် ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ စသည်တို့ကို ရက်သတ္တ ၁၂ ပတ်ကြာ လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများ ကျင်းပရေး ပေါင်းစပ်ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၄**

၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများကျင်းပရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး ဦးခင်မောင်လွင်က ပြိုင်ပွဲကျင်းပနိုင်ရေး အစီအစဉ်များကို လည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးများက ပြိုင်ပွဲများကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် အခြားဌာနခွဲများက အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# HARD BODY ရေကူးအသင်း မိုးရာသီဖိတ်ခေါ် ရေကူးပြိုင်ပွဲ သက်တန်းအလိုက် မြန်မာပြည်စံချိန်သစ် ခြောက်ခုတင်နိုင်

ရန်ကုန် ဇွန် ၄

**၂၀၁၂ ခုနှစ် ဒုတိယအကြိမ်မြောက် HARD BODY ရေကူးအသင်း မိုးရာသီ သက်တန်းအလိုက် တံခွန်စိုက်အမျိုးသား၊ အမျိုးသမီးဖိတ်ခေါ်ရေကူးပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဆက်လက်ကျင်းပရာ သက်တန်းအလိုက် မြန်မာပြည်စံချိန်ဟောင်း ခြောက်ခုချိုးကြပြီး စံချိန်သစ် ခြောက်ခု တင်နိုင်ကြသည်။**

ဒုတိယနေ့ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အောက်ယာပုံ)** နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲ၏ ပထမနေ့နှင့် ဒုတိယနေ့ပြိုင်ပွဲများတွင် မြန်မာပြည်စံချိန်ဟောင်း ခြောက်ခု ချိုးနိုင်ကြပြီး စံချိန်သစ် ခြောက်ခု တင်နိုင်ကြရာ (၁၂)နှစ်အောက် အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ အင်ကြင်းကေခိုင်က ၁၉၉၄ ခုနှစ်က နေဝါလင်း တင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၄၁ ဒသမ ၆၂ စက္ကန့်ကို ၀ မိနစ် ၄၀ ဒသမ ၇၉ စက္ကန့်ဖြင့်လည်းကောင်း၊ (၁၂)နှစ်အောက် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ စပယ်သင်းက ၂၀၁၀ ခုနှစ် Denk Cup ရေကူးပြိုင်ပွဲတွင် နန်းခမ်းမြတ်ခြူး တင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၃၈ ဒသမ ၀၉ စက္ကန့်ကို ၀ မိနစ် ၃၇ ဒသမ ၁၈ စက္ကန့်ဖြင့်လည်းကောင်း၊ (၁၀)နှစ်အောက် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ ရွှန်းလဲ့မော်ဦးက ၂၀၁၁ ခုနှစ်က စပယ်သင်း တင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၄၀ ဒသမ ၅၀ စက္ကန့်ကို ၀ မိနစ် ၃၆ ဒသမ ၉၂ စက္ကန့်ဖြင့်လည်းကောင်း၊ (၁၀)နှစ်အောက် အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၌ ၁၉၉၅ ခုနှစ်က ရီရီမြင့် တင်ထားခဲ့သော စံချိန်ဟောင်း ၁ မိနစ် ၁၆ ဒသမ ၃၄ စက္ကန့်ကို ၁ မိနစ် ၁၅ ဒသမ ၇၁ စက္ကန့်ဖြင့်လည်းကောင်း၊ (၁၀)နှစ်အောက် အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ရွှန်းလဲ့မော်ဦးကပင် ၂၀၁၁ ခုနှစ်က ဆုမိုးသိမ့်စံ တင်ထားခဲ့သော စံချိန်ဟောင်း ၁ မိနစ် ၃၁ ဒသမ ၃၀ စက္ကန့်ကို ၁ မိနစ် ၃၀ ဒသမ ၀၉ စက္ကန့်ဖြင့်လည်းကောင်း၊ (၁၇)နှစ်အောက် အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ စိုးရတနာချိုက ၂၀၁၂ ခုနှစ်က ဇင်ဧပြီအောင် တင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၄၁ ဒသမ ၉၇ စက္ကန့်ကို ၀ မိနစ် ၄၁ ဒသမ ၆၂ စက္ကန့်ဖြင့်လည်းကောင်း အသီးသီး စံချိန်သစ်များ တင်လိုက်နိုင်ကြသည်။

ပြိုင်ပွဲများတွင် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြပြီး အနာဂတ် မြန်မာ့လက်ရွေးစင် ရေကူးအသင်း၌ သွေးသစ်လောင်းနိုင်မည့် အလားအလာရှိကြသော မျိုးဆက်သစ်ရေကူးအားကစားသမား မောင်မယ်တို့အား အကောင်းဆုံး အားကစားသမားဆုများကို လည်း သက်တန်းအလိုက် ပေးအပ်ချီးမြှင့်ရာတွင် အမျိုးသမီးပြိုင်ပွဲများ၌ (၁၇)နှစ်အောက် စိုးရတနာချို၊ (၁၄)နှစ်အောက် ရွှေရည်အောင်၊ (၁၂)နှစ်အောက် ဆုမိုးသိမ့်စံ၊ (၁၀)နှစ်အောက် ရွှန်းလဲ့မော်ဦး၊ (၈)နှစ်အောက် လဝန်းလူလူတို့ ရရှိကြပြီး အမျိုးသားပြိုင်ပွဲများတွင် သက်ကြီးတန်း၌ အောင်မျိုးဦး၊ (၁၇)နှစ်အောက် နေအောင်လင်း၊ (၁၄)နှစ်အောက် သုမြတ်ဟိန်း၊ (၁၂)နှစ်အောက် အံ့ခေါင်ထွဋ်၊ (၁၀)နှစ်အောက် ငြိမ်းခန့်စိုးနှင့် (၈)နှစ်အောက် မင်းထက်အောင်တို့က ဆွတ်ခူးရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



❋ **ရွှန်းနီမှ**

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီကိုလည်း ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း စပိန်နိုင်ငံ၌ သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော် မက်ဆီသည် ဘာစီလိုနာအသင်းမှ ထွက်ခွာမည့် အခြေအနေမတွေ့ရ၍ ပီအက်စ်ဂျီအသင်း၏ စိတ်ဝင်စားမှုသည် မန်ယူတိုက်စစ်မှူး ရွှန်းနီဆီသို့ ဦးတည်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ရွှန်းနီသည် ၂၀၁၀ ခုနှစ် အောက်တိုဘာလက အိုးထရက်ဖို့ဒ်မှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုခဲ့သည်။ သို့သော် မန်ယူအသင်းနည်းပြ ဖာဂူဆန်၏ စည်းရုံးသိမ်းသွင်းမှုကြောင့် သက်တမ်းတိုးမြှင့်၍ စာချုပ်ချုပ်ဆိုခဲ့သည်။

ရွှန်းနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ၂၇ ဂိုး သွင်းယူပေးခဲ့ပြီးနောက် လက်ရှိတွင် မန်ယူအသင်း၌ အခြေကျနေပြီဖြစ်၍ မန်ယူနည်းပြ ဖာဂူဆန်က ရွှန်းနီအား ရောင်းထုတ်ရန် စဉ်းစားရခက်နေခဲ့ပြီ ဖြစ်သည်။

ထို့ပြင် ရွှန်းနီနှင့် တွဲဖက်ညီသော ပေါ်တူဂီကြယ်ပွင့် ရိုနယ်လ်ဒိုကိုပင် မန်ယူအသင်း၏ ကြွေးမြီပေါင်သန်း ၁၀၀ တင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်၍ ယခုတစ်ကြိမ်တွင်မူ ရွှန်းနီအား ရောင်းထုတ်မည်မဟုတ်ကြောင်း မန်ယူအသင်းနည်းပြ ဖာဂူဆန်က ပရီမီယာလိဂ်ရာသီမကုန်မီက ပြောကြားထားသည်။ အင်တာနက်။

| မှတ်သားဖွယ်ရာ မိုးရေချိန်များ (၄-၆-၂၀၁၂) | | |
|---|---|---|
| ပေါင်မြို့ | - | ၄ ဒသမ ၄၅ လက်မ |
| ကော့သောင်းမြို့ | - | ၃ ဒသမ ၄၆ လက်မ |
| ဖျာပုံမြို့ | - | ၃ ဒသမ ၀၃ လက်မ |
| မော်လမြိုင်နှင့်ရေးမြို့ | - | ၂ ဒသမ ၉၅ လက်မစီ |
| ထားဝယ်မြို့ | - | ၂ ဒသမ ၅၆ လက်မ |
| ပုသိမ်မြို့ | - | ၂ ဒသမ ၅၂ လက်မ |
| မြောင်းမြမြို့ | - | ၂ ဒသမ ၂၀ လက်မ |

# ပြီ၊ မေလအတွက် တစ်လတာ အကောင်းဆုံးဆုများကို ရတနာပုံအသင်းနည်းပြချုပ် ဘောဂတ်စ်နှင့် တိုက်စစ်မှူး ရန်ပိုင်တို့ရရှိ

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ရွေးချယ်ချီးမြှင့်လျက်ရှိသည့် MNL ပြိုင်ပွဲ၏ ဧပြီနှင့် မေလအတွက် တစ်လတာ အကောင်းဆုံးဆုများကို ရတနာပုံအသင်း နည်းပြချုပ် မစ္စတာဘောဂတ်စ်နှင့် တိုက်စစ်မှူး ရန်ပိုင်တို့က ရရှိသွားသည်။

**(အောက်ယာပုံ)**

အကောင်းဆုံးနည်းပြအဖြစ် ရွေးချယ်ခြင်းခံရသည့် နည်းပြချုပ်ဘောဂတ်စ်သည် ဧပြီလနှင့် မေလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ငါးပွဲစလုံးကို ရတနာပုံအသင်းအား အနိုင်ရရှိအောင် စွမ်းဆောင်ပေးပြီး အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ထို့အတူ ရတနာပုံအသင်းတိုက်စစ်မှူး ရန်ပိုင်မှာလည်း ရတနာပုံအသင်း အနိုင်ရရှိခဲ့သော ငါးပွဲစလုံးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သလို ကိုယ်တိုင်လည်း နှစ်ဂိုးသွင်းယူပေးခဲ့သောကြောင့် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးကော်မတီမှ ထုတ်ပြန်ကြေညာခဲ့သည်။

MFFသည် တစ်လတာ အကောင်းဆုံးဆုများကို ဖေဖော်ဝါရီလမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ပြီး ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဦးဝင်းမြင့်သွင်(မနောမြေ)၊ ကစားသမားဆုကို မန်ဆာ(မနောမြေ)၊ မတ်လအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဂျိုးဇက်ဟီရယ်လ် (ရောဝတီ)၊ ကစားသမားဆုကို ကိုနေး (မကွေး)တို့က ရရှိထားသည်။ ယခုလအတွက် အကောင်းဆုံးကစားသမားဆုကို ရန်ပိုင်က ရရှိသွားခဲ့ရာ ပြည်တွင်းကစားသမားများထဲမှ ပထမဆုံးရွေးချယ်ခံခဲ့ရခြင်းလည်းဖြစ်သည်။ အကောင်းဆုံးနည်းပြဆုရ မစ္စတာဘောဂတ်စ်အား ကျပ် ငါးသိန်းနှင့် ဆုတံဆိပ်၊ အကောင်းဆုံးကစားသမားဆုရ ရန်ပိုင်အား ကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းနှင့် ဓာတ်ပုံ- ချစ်ကိုကို**




# တစ်ယောက်လျော့ ချင်းယူနိုက်တက်ကို ခက်ခဲစွာအနိုင်ကစားခဲ့ရသည့် ရောဝတီ

**သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်**

**ရန်ကုန် ဇွန် ၄**

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၁၇ နောက်ဆုံးနေ့ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ရောဝတီယူနိုက်တက် -သုံးဂိုး**

(မင်းမင်းသူ၊ စိုင်းသန်းအောင်နှင့် ဂျူပီတာ)

**ချင်းယူနိုက်တက် - နှစ်ဂိုး**

(လာကျဲအိုလွယ်နှင့် ဇန်လမ်မန်း)

တန်းဆင်းဇုန်ထဲရောက်နေသည့် ချင်းယူနိုက်တက်၏ ရုန်းကန်မှုကြောင့် ရောဝတီတို့ နိုင်ပွဲရရှိရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ရောဝတီကို နောက်မှ လိုက်ကစားကာ ချင်းတို့ ချေပဂိုးပြန်သွင်းနိုင်ခဲ့သော်လည်း ၆၂ မိနစ်တွင် အသင်းခေါင်းဆောင် အောင်မျိုးသန့် အထုတ်ခံရခြင်း၊ ဂိုးသမား ငြိမ်းမင်းဦး၏ အမှားအချို့ကြောင့် ချင်းယူနိုက်တက်ရှုံးပွဲဆက်ခဲ့ရခြင်းဖြစ်သည်။ ရောဝတီအသင်း၏ ကစားပုံမှာ အကောင်းဆုံးအနေအထား မရှိခဲ့သော်လည်း ဂိုးများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရောဝတီအတွက် ဂိုးများကို ၁၆ မိနစ်တွင် မင်းမင်းသူ၊ ၇၇ မိနစ်တွင် စိုင်းသန်းအောင်၊ ၈၂ မိနစ်တွင် ဂျူပီတာတို့က သွင်းယူခဲ့ပြီး ချင်းယူနိုက်တက်အတွက် ချေပဂိုးများကို ၅၂ မိနစ်တွင် လာကျဲအိုလွယ်နှင့် မိနစ် ၉၀ တွင် ဇန်လမ်မန်းတို့က သွင်းယူခဲ့သည်။



ရောဝတီမှ မီရိုနှင့် ချင်းယူနိုက်တက်မှ ကိုကိုမောင်တို့ အကြိတ်အနယ်။

**ယနေ့ပွဲ ပွဲစဉ် (၁၅)လက်ကျန်ပွဲစဉ်**

(သုဝဏ္ဏကွင်း)

မနောမြေ -ကမ္ဘောဇ

# ပုဂ္ဂလိက လျှပ်စစ်မီး ထုတ်လုပ်ဖြန့်ဖြူးခြင်းအား ဖိတ်ခေါ်ခြင်း

(၁) နိုင်ငံတော်အနှံ့ လျှပ်စစ်မီးများ အမြန်ရရှိစေရေး နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ပြည်ပ ပုဂ္ဂလိကများလည်း ပါဝင်ရင်းနှီးပေးပါရန် အထူးလိုအပ်လျက်ရှိပါသည်။ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်-

- မဟာဓာတ်အားလိုင်းသို့ လျှပ်စစ်မီးဓာတ်အားလိုင်းထည့်ဝင်ခြင်း၊ မဟာဓာတ်အား လိုင်းမှ လျှပ်စစ်ဓာတ်အား ရယူဖြန့်ဖြူးခြင်း။
- မဟာဓာတ်အားလိုင်းမှအပ အခြားသင့်တော်မည့် နေရာများတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း။

(၂) မဟာဓာတ်အားလိုင်းမှလည်း အဆိုပါထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ဝယ်ယူ မည်ဖြစ်ပါသည်။

- အသေးစိတ်ညှိနှိုင်းနိုင်ရန် အောက်ပါဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဖုန်း-၀၆၇-၄၀၆၃၃၄**
**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၁၁၀၇၁**
**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၁၀၂၀၃**
**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဖုန်း-၀၆၇-၄၀၅၀၅၀**







**ကျေးဇူး ဆပ်ပါမည်**

ကျွန်မ မိုင်လှလှမော်၏ မြန်မာနိုင်ငံအမှတ် M-476959 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၆၆၇၄၉၁**










## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်-ကျွန်မတို့၏သမီးဖြစ်သူ မနန္ဒာထွန်း[၁၀/သထန(နိုင်)၂၁၂၂၈၃] သည် မိဘများ သဘောမတူသောကိစ္စများ ပြုမူလုပ်ဆောင်ပြီး နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်ချိုချိုဝင်း**
**[၁၀/မလမ(နိုင်)၁၆၄၅၇၆]**
**၂၈၉၊ ရုံးကြီးလမ်း၊ နန်းခဲရပ်ကွက်၊ သထုံမြို့**

## ခင်လေးစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းအမည်ခံလျက် အကျိုးသက်ဆိုင်သူများ ပိုင်ဆိုင်သည့် မြေများနှင့်စပ်လျဉ်း၍ ၃-၆-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာပါ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"အား ပြန်လည်သတိပေးကြေညာခြင်း

ဦးလှတင်ဦး[၄/ဟခန(နိုင်)၀၂၅၈၃၂]နှင့် ဦးအောင်လင်း[၇/ပခန(နိုင်)၁၇၉၁၃၁]တို့၏ လွှဲအပ်ချက်အရ ပြန်လည်သတိပေးကြေညာအပ်သည်မှာ-

ပဲခူးမြို့၊ ညောင်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၅၆)၊ လှည်းစခန်းကွင်း၊ ဦးပိုင်အမှတ်(၁၂/၂/၈+၁၂/၁/၆+၁၂/၁/၅+၁၂/၁/၄+၁၂/၁/၇)၊ ဧရိယာ ၉. ၉၄ဧကရှိ မြေသည် **ဦးဇော်ဖေမြင့်အပါအဝင် အကျိုးသက်ဆိုင်သူ (၄)ဦး**တို့ ချုပ်ဆိုထားသည့် ၈-၇-၂၀၁၀ရက်စွဲပါ သဘောတူစာချုပ်အရ **"ခင်လေး စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်း"**အမည်ခံလျက် **ဦးဇော်ဖေမြင့်၊ ဦးလှတင်ဦး၊ ဦးအောင်လင်း၊ ဒေါ်ကျင်ဥတို့(၄)ဦး** အကျိုးသက်ဆိုင်သော မြေများ ဖြစ်ပါသည်။

ဖော်ပြပါမြေများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအား ရောင်းချရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် **အကျိုးသက်ဆိုင်သူ(၄)ဦးစလုံး၏ သဘောတူ ဆုံးဖြတ်ချက် လုံးဝမရှိဘဲ** ဦးဇော်ဖေမြင့်မှ တရားဝင်ရောင်းချပိုင်ခွင့်မရှိပါ။ **"ဦးဇော်ဖေမြင့်ထံမှ ကြော်ငြာပါမြေအချို့ကို လွှဲပြောင်းဝယ်ယူရန် စရန်ငွေချထားပြီးဖြစ်ကြောင်း"** ဆိုခြင်းသည် ဖော်ပြပါ **ကျန်အကျိုးသက်ဆိုင်သူများ**အပေါ် အတည်မဖြစ်ပါ။

သို့ပါသောကြောင့် **၈-၇-၂၀၁၀ရက်စွဲဖြင့် သဘောတူစာချုပ်ပါ အကျိုးသက်ဆိုင်သူ(၄)ဦးစလုံးမှ ရောင်းချရန်သဘောတူညီမှု လုံးဝမရှိဘဲ** ရောင်းချပါက ထိုရောင်းချမှုသည် **ကျန်အကျိုးသက်ဆိုင်သူများအပေါ်** အတည်မဖြစ်ပျက်ပြယ်ကြောင်းနှင့် **ကျန်အကျိုးသက်ဆိုင်သူများ**က တရားမဝင် အရောင်းအဝယ် ပြုသူတို့အပေါ် ဥပဒေနှင့်အညီ တရားဆွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများ သိစေရန် ပြန်လည်သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစံတင်(စဉ်-၄၄၉၃)** | **ဒေါ်လှမွန်မွန်မြင့်(စဉ်-၇၇၈၆)** |
| **B.A.,H.G.P.,R.L(Advocate)** | **LL.B.,D.B.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၉/၁၁)၊ အခန်း(၃၀၂/ဘီ)၊ တတိယထပ်၊ (၃၆)လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၉၃၃၈၉၃၉၊ ၀၉-၅၀၈၅၂၀၇**

Safer

FLUZA Tab.

"ဖလူဇာ" ၌ ဆိုးကျိုးများပေးသော "PPA" Phenylpropanolamine (ဖီနိုင်းပရိုပါနော်လမင်း) မပါဝင်ပါ။

အအေးမိ၊ တုပ်ကွေး၊ ဖျားနာ အထိရောက်ဆုံးနဲ့ အမြန်ဆုံး သက်သာပျောက်ကင်းစေမှာ ဖလူဇာ

PPA



## ကျေးဇူးတင်ဂုဏ်ပြုလွှာ

Ayarwaddy Legend Travels & Tours Co.,Ltd သား International Air Transport Association ၏ အသိအမှတ်ပြုခရီးသွားလုပ်ငန်းကုမ္ပဏီ (IATA Accredited Agent 05-3 01100) ရရှိအောင် ကူညီပံ့ပိုးပေးကြသော Ms Nur Hayati Aziz Roshid (Area Manager Myanmar, MAS Airlines) လေကြောင်းလိုင်းများ၊ လုပ်ဖော်ကိုင်ဖက် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ အစဉ်အမြဲ အားပေးနေကြသော မိတ်ဟောင်း မိတ်သစ်များ နှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

AYARWADDY LEGEND TRAVELS & TOURS CO.,LTD.

IATA 05-3 01100



## ဦးအောင်နိုင်

[လွှတ်တော်ဆိုင်ရာ - CPA]

B.Com(Q), CPA, DA [LCCI-UK], FFA [IFA-UK] Fellow of Financial Accountant-UK

**LCCI** တန်းခွဲသစ်များ June 23 မှစည်

ဆင်တန်းအပ်လက်ခံရှိ



## အားသစ်

(၉.၆.၂၀၁၂)

Sat, Sun

12:00 (pm)-4:00 (Pm)

Daily 12:00(pm)-4:00(pm)

09 4500 174 15

09 500 1599, 09 8632973, 09 73172556



## Emerald Myanmar

"20% Discount"



U Sann Aung (B.Com, CPA)

LCCI 1 & 2 (IAS)

USA COMMERCIAL SCHOOL



## Green Olive Tours

### ဘန်ကောက် - ပတ္တရား

**21 Jun - 25 Jun**

**465,000-Ks** (per person)

**18 Jul - 22 Jul**

Green Olive Travels & Tours Co., Ltd.



• LO

## ဦးဟန်သာ အင်္ဂလိပ်စာ

### အရေးနှင့်သဒ္ဒါတန်းများ

• Sat,Sun 9:00-10:30 20000/-

• Sat, Sun 3:00-4:30 12000/-

• Four Skills 8000/-

• Four Skills 8000/-

တန်းဖွင့် June 9 မှစည်



## SPECIAL REPORT : Power Generation Technology

NetGuidE

IT, Electronics & Communication Journal

Vol 2, No.37

224711



အိမ်ငှားမည်

ချစ်ဖူးသူ

ကျိုက်ထီးရိုး ရောက်သော

အငှား(Taxi)ယာဉ်မောင်း

09-51 47417

09-51 37805



(၈) နှစ်ကြာ ပရိသတ်ရင်ခွင်မှ ဝေးကွာ ခဲ့ရသော ရုပ်ရှင်ဇာတ်ကားကြီး ပြန်လည်ဆန်းသစ်လာပြီ



## ငါတို့ကောင်းသေါင်း

ပုပ္ပ

သမ္မတ သွင် မင်္ဂလာ (၁)

၈-၆-၂၀၁၂ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသမည်

# (၂၅)နှစ်ပြည့်

## ငွေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ **ရဲမှူးကြီးမျိုးဆွေဝင်း** နှင့် မေမေ **ဒေါ်စိုးစိုးသက်** တို့၏ ၅-၆-၂၀၁၂ ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝလမ်းကို တူယှဉ်လက်တွဲ မခွဲမခွာ ချစ်ကြင်စွာဖြင့် ချစ်သောသားတို့နှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားကြီး - ဒေါက်တာဇင်လင်းထူး**

**ချစ်သားငယ် - မောင်ထက်အာကာဖြိုး 2nd M.B**
**(University of Medicine II)**






**ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။**

"Marketing Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၇-၆-၂၀၁၂ ရက်မှ ၁၄-၆-၂၀၁၂ ရက်
(ညနေပိုင်း ၈ရက်သင်တန်း)

သင်တန်းကြေး - ၃၀၀၀၀(ကျပ်သုံးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် အိန္ဒိယမှ ပါမောက္ခတစ်ဦးတို့ ပါဝင်သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

**ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၆၆၀၆၅၉**













## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)

စမ်းချောင်း၊ အသင့်နေပြင်ဆင်ပြီး ပေကျယ်တိုက်ခန်းများ

၁။ ဗဟိုလမ်းမ၊ ပေ(၁၅×၆၀)၊ ၅ လွှာ။ (၂၈၅)သိန်း

၂။ လက်ပံလမ်း၊ ပေကျယ်(၃၀×၄၅)၊ ၅ လွှာ။ (၃၈၅)သိန်း

[ပါကေးခင်း၊ သံပန်းပြည့်၊ ဆန်းရှိတ်၊ အိပ်ခန်း(၂)၊ ကိုယ်ပိုင်(ရေမီး)၊ ပလာစတာကောနစ်၊ ဝရန်တာ၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ ကြွေပြားကပ်ပြီး]

**ဖုန်း-၀၉၇၃၂၀၁၁၇၉**




## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-UE-1၊ မြေကွက်အမှတ်-၄၉၇ ဦးဖိုးဆယ် [၁၂/လမန(နိုင်)၀၂၂၅၄၅] အမည်ပေါက် မြေချပါမစ်အား ဒေါ်ရီ+၂ [၁၄/ဇလန(နိုင်)၀၉၉၇၅၇]တို့က မြေချပါမစ်မူရင်းနှင့် အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများတင်ပြ၍ ဂရန်သစ်လျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






VICTORIA UNIVERSITY COLLEGE

IGCSI

HND

Hons: Degree

- Construction and the Building Environment (Civil Engineering)
- Electrical and Electronic Engineering
- Mechanical and Manufacturing Engineering
- Business (HR/ Management/ Marketing)
- Computing and System Development
- Health & Social Care
- Environmental Study

VICTORIA UNIVERSITY COLLEGE

MMB Campus



ES4E WEEKEND ENGLISH COURSE

For Young Learners ( Age - 5 to 14 yrs)

Starting in June

Enrol Now!

☎ 662970,663820, Fax: 662937

51, Kaba Aye Pagoda Road, Yankin



ရောင်းမည်

Hyundai Tour Grade

၄၅-ယောက်စီး လေအိတ်

Express ၆၀/---

Ph-09-73241799

09-49348808


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် ၁၀၅၇၊ မြေကွက်တည်နေရာအမှတ်(၁၀၅၇)၊ ကုန်းဘောင်(၁၀)လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပ၊ (ဒေါ်ချစ်၊ ဦးအောင်သန်း)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ချစ်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်သန်း [၁၂/ဥကတ(နိုင်)၀၅၃၉၂၀]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “အများသိစေရန်အသိပေးကြေညာခြင်း”



ဖော်ပြပါ “ဒို့လယ်သမား” အမှတ်တံဆိပ်ဖြင့် ရွှေဆိုင်းလုပ်ငန်းကို ဒေါ်မြင့်မြင့်ဆွေ(ဘ-ဦးထွန်းဝင်း) [၉/မရတ(နိုင်)၁၀၂၆၉၈]၏ အဘွားဒေါ်ကောင်းနှင့် မိခင်ဒေါ်တင်မြတို့ လက်ထက်ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်ခန့်ကပင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် လုပ်ကိုင်ခဲ့ပြီး ဒေါ်မြင့်မြင့်ဆွေမှ ယင်း “ဒို့လယ်သမား” ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အမှတ်-၁၅၇/၂၀၀၂ ဖြင့် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့အတွက် “ဒို့လယ်သမား” အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တုပကူးယူ၍သော်လည်းကောင်း ပြုလုပ်ဆောင်ရွက်ခြင်းမပြုပါရန် သတိပေးတားမြစ်အပ်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြင့်မြင့်ဆွေ**

**ဒေါ်မြင့်မြင့်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၃၇၉၉)**
**အမှတ်(၃၃)၊ ၃၁-လမ်း၊ ၆၆×၆၇ လမ်းကြား၊ အကွက်(၇၆၃)၊**
**ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၆၁၃၈၁၊ ၀၉-၅၁၁၉၄၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅-E⁹၊ မြေကွက်အမှတ် ၅၉-P၊ မြေကွက်တည်နေရာအမှတ် ၃၄D-၂၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ (ဒေါ်တင်တင်)အမည်ပေါက်မြေပိုင်ဂရန်မြေအား ဗဟန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၂၂/၂၀၁၀)၊ စီရင်ချက်အမိန့်နှင့် ဒီကရီတို့တင်ပြပြီး မခွဲမစိတ်ရသေးသောအစိတ်အပိုင်းအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဗဟန်းမြို့နယ် တရားရုံးမှ (ဘီးလစ်)ဒေါ်တင်လုံးမှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**


PARAMI Hospital



**နားမကြားလို့ စိတ်ညစ်နေပါသလား?**
**နားမကြားခြင်းကို**
**ကြိုတင်ကာကွယ်ချင်ပါသလား?**
**ရန်ကုန်မြို့၊**
**ချော်တွင်းကုန်းမီးပွိုင့်အနီးက**
**ပါရမီဆေးရုံကိုလာခဲ့ပါ။**

ခေတ်အမီဆုံးနှင့် အပြည့်စုံဆုံး အကြားအာရုံစစ်ဆေးသည့် ကိရိယာများဖြင့် မွေးကင်းစအရွယ်မှစ၍ အသက်အရွယ်အားလုံးကို ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီး ကိုယ်တိုင် အကြားအာရုံချို့ယွင်းမှု ရှိ/မရှိ စစ်ဆေးပေးနေပါပြီ။

အမှတ်(၆၀)၊ (ဂျီ-၁)၊ ပါရမီလမ်းသစ်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၆၅၁၆၇၄၊ ၆၆၀၀၈၃၊ ၆၅၇၂၂၈၊ ၆၅၇၂၃၀ မှ ၆၅၇၂၃၂





မော်စရှာ



6:30 PM မှ 10:00 PM ထိ

Special Chinese Buffet

5 Gold



သင်ဒါတွေ ဖြစ်နေပါသလား....?


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅-CG၊ မြေကွက်အမှတ် ၁၅၀၃၊ မြေကွက်တည်နေရာအမှတ် ၄၆၊ ငွေလရောင်လမ်း၊ ဆရာစံတောင် (ဦးကျော်စိန်)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးကျော်စိန်၊ (မိခင်)ဒေါ်ခင်အေး ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်အေးသန်း[၁၂/ရကန(နိုင်)၀၅၀၁၈၈]၊ ၂။ဒေါ်မြင့်မြင့်သန်း[၁၂/ရကန(နိုင်)၀၄၉၈၃၅]၊ ၃။ဦးခင်မောင်စိန်[၁၂/ရကန(နိုင်)၀၄၉၈၂၁]၊ ၄။ဒေါ်ခင်သန်းမြင့် [၁၂/ရကန(နိုင်)၀၄၉၈၁၉]၊ ၅။ဦးသိန်းထွန်း[၁၂/ဗဟန(နိုင်)၀၅၉၇၀၂]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်ညီညီလှိုင် [၁၄/ဓနဖ(နိုင်)၁၂၈၈၄၉]နှင့် မနှင်းရည်လင်းထွဋ် [၁၄/ဓနဖ(နိုင်)၁၃၄၂၉၀]သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၅-၅-၂၀၁၂ ရက် (သောကြာနေ့)တွင် နှစ်ဖက်အသိသက်သေများနှင့် ဓနုဖြူမြို့၊ အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးထံတွင် တရားဝင်လက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**မောင်ညီညီလှိုင် [၁၄/ဓနဖ(နိုင်)၁၂၈၈၄၉]**


P.V.C ပိုက် ISO

FOUR STARS



Since 1989

**မြန်မာနိုင်ငံ၏ပထမဆုံး**
**ISO 9001:2008 အသိအမှတ်ပြုလက်မှတ်ရ**
**သွပ်ပြားနှင့် P.V.C ပိုက်**

## "ကျေးဇူးအထူးတင်ရှိခြင်း"

၁၃၇၃-ခု တန်ခူးလပြည့်ကျော် (၁) ရက်၊ (၇-၄-၂၀၁၂)၊ စနေနေ့၊ နံနက် (၁၁) နာရီ (၁၀) မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ မန်ကျည်းပင် ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော် ပွဲအား မန်ကျည်းပင်ကျေးရွာနှင့် ပတ်ဝန်းကျင်ရွာများမှ ကျောင်းသား၊ ကျောင်းသူဟောင်း အပေါင်းတို့နှင့် အခြားသော ရပ်ဝေးရပ်နီးဒေသများမှ ကျောင်းသား၊ ကျောင်းသူဟောင်း အပေါင်းများစွာတို့သည် စည်းလုံးညီညွတ်ပျော်ရွှင် ချမ်းမြေ့ခင်မင်ရင်းနှီးမှုအပေါင်းတို့ဖြင့် အောင်မြင်စွာ ပြုလုပ်ခဲ့ကြပါသည်။

ထိုအောင်မြင်ပြီးစီးခဲ့သော တတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲ အခမ်းအနားသို့ ကန်တော့ခံကြွရောက်လာကြသော ဆရာကြီး ဆရာမကြီးအပေါင်းတို့သည် ခရီးဝေးကွာသော အရပ်ဒေသများမှ လာရောက်ရခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်း၊ တခြားသော အခက်အခဲပေါင်းများစွာရှိသော်လည်း တပည့်ဟောင်းများ စုဝေးရာဖြစ်သော မန်ကျည်းပင်ကျေးရွာ၊ အထက်တန်းကျောင်းသို့ ကြွရောက်လာကြခြင်း၊ တပည့်ဟောင်း များအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာ၊ သာသနာအရေးများအား သွန်သင်ဆုံးမဩဝါဒပေးခဲ့ခြင်း၊ ခင်မင်ရင်းနှီး ပျော်ရွှင်ချမ်းမြေ့စွာ ဆက်ဆံပြောဆိုခြင်းများ ပြုလုပ်ပေးကြသဖြင့် တပည့်ဟောင်းများဖြစ်ကြကုန်သော ကျောင်းသား၊ ကျောင်းသူ အပေါင်းတို့မှ ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်း တို့ဖြင့် ပီတိအဟုန် လွှမ်းခြုံ ခဲ့ရပါသည်။

သို့ပါ၍ ဆရာကြီး ဆရာမကြီးများနှင့် မိသားစုအပေါင်းတို့သည် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ထာဝရပျော်ရွှင်မှုအပေါင်းတို့ ရရှိနိုင်ကြပါစေ၊ ယနေ့ရောက်ရှိ အသက်မှသည် အသက် (၁၂၀) တိုင်အောင် ကျန်းမာပျော်ရွှင်နိုင်ကြပါစေ၊ ဘာသာအကျိုး၊ သာသနာ့အကျိုးထမ်းဆောင်နိုင်ကြပါစေ၊ တတိယအကြိမ်မှသည် အကြိမ်ပေါင်းများစွာသော မြတ်ဆရာပူဇော်ကန်တော့ပွဲတွင်လည်း အတူတကွ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပြန်လည်ဆုံတွေ့ နိုင်ကြပါစေဟု ကျောင်းသား၊ ကျောင်းသူဟောင်းအပေါင်းတို့မှ ယနေ့မှသည် လပေါင်း များစွာ၊ နှစ်ပေါင်းများစွာတိုင်အောင် ဆုမွန်ခြွေသ၍ ပေတ္တာပို့သအပ်ပါကြောင်းနှင့် မန်ကျည်းပင် ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းမှုန့်ပွဲ၊ ကျောင်းဆောင်သစ်များ လှူပြောင်းပေးအပ်ပွဲနှင့် တိုက်ဆိုင်နေသဖြင့် ကန်တော့ခံ ကြွရောက်လာကြကုန်သော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများမှ ပြုစုယုယခြင်း၊ ကျွေးမွေးဧည့်ခံခြင်း စသည့် ချို့ယွင်းချက်များရှိခဲ့ပါလျှင်လည်း တပည့်အပေါင်းတို့အား ခွင့်လွှတ်ပေးပါရန် ရိုသေစွာဖြင့် တောင်းပန်အပ်ပါသည်။

**တတိယအကြိမ်မြောက်၊ မြတ်ဆရာပူဇော်ပွဲသို့**
**တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ**
**အထက်တန်းကျောင်း၊ မန်ကျည်းပင်ကျေးရွာ**

## "အထူးကျေးဇူးတင်ရှိခြင်း"

[illegible]

MRTV (4)

[illegible]

# အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ စနစ်တကျဆက်လက်ဆောင်ရွက် လုပ်ငန်းလည်ပတ်မှုများ မှန်ကန်စွာဖြစ်ထွန်းနေပြီဖြစ်၍ စေတနာထားကြီးကြပ်ပေး

**သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇)ရပ်ကွက် ယောသိတာရုံ ဓမ္မဗိမာန်တော်၌ မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများဆောင်ရွက်နေသည့် လက်လုပ်လက်စားများအား ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)





**နေပြည်တော် ဇွန် ၄**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇)ရပ်ကွက် ယောသိတာရုံ ဓမ္မဗိမာန်တော်၌ မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများ ဆောင်ရွက်နေသည့် လက်လုပ်လက်စား ၅၇၀ နှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းများမှ မတည်ရင်းနှီးငွေများ ထုတ်ချေးပေးထားမှု၊ အတိုးငွေများ ပြန်လည်ပေးဆပ်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်၊ ယခုအခါ လုပ်ငန်းလည်ပတ်မှုများ မှန်ကန်စွာ ဖြစ်ထွန်းနေပြီဖြစ်၍ တာဝန်ရှိသူများက စေတနာထား ကြီးကြပ်ပေးသွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး အမှတ်(၉၂)ရပ်ကွက်ရှိ အမှတ်(၉) မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၃ ရက် ညနေ ၄ နာရီတွင် မြန်မာ့ ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူလုပ်ကိုင်လျက်ရှိသော ကျောက်မျက်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘဏ်များ ကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာနိုင်ငံဘဏ် သင် တန်း ကျောင်း (နေပြည်တော်)၏ အထွေထွေ ဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၇ ဘဏ်ကို နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ ယခုလအတွင်း Debit Card များ စတင်သုံးစွဲနိုင်စေရန် လိုအပ်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁-၄-၂၀၁၂ ရက်နေ့မှ စတင်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းခြင်းလုပ်ငန်း၏ ပထမခြေလှမ်းအဖြစ် ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်ကို စတင်ကျင့်သုံးခဲ့ပြီး ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၇ ဘဏ်ကိုလည်း နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းနေ နိုင်ငံသားများ နိုင်ငံခြားသုံးငွေများ လွယ်ကူအဆင်ပြေစွာ စနစ်တကျ လဲလှယ်သုံးစွဲနိုင်စေရန် ဘဏ်များ၊ လေဆိပ်များ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများနှင့် ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်နိုင်သည့် နေရာများတွင် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးသည့် ကောင်တာများ ဖွင့်လှစ်ပေးခဲ့ရာ ယနေ့အထိ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် Money Changer Counter ၆၂ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်နေသည့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် မိသားစုများထံ ငွေလွှဲပေးပို့မှုများကို အဆင်ပြေစွာလုပ်ကိုင်နိုင်ရန်အတွက် Money Changer Licence ရ ပြည်တွင်းပုဂ္ဂလိကဘဏ်လေးခုကို စင်ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံများတွင် ငွေလွှဲလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းဖြင့် ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖





# ရွှန်းနီးအား ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီအသင်း ပြင်ဆင်လျက်ရှိနေ

**ပါရီ ဇွန် ၄**

ပြင်သစ်အင်အားကြီးအသင်းတစ်သင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းသည် အင်္ဂလန်နှင့် မန်ယူတိုက်စစ်မှူး ရွှန်းနီးအား ခေါ်ယူရန်အတွက် အံ့အားသင့်ဖွယ်ကမ်းလှမ်းမှုဖြစ်သည့် ပေါင်သန်း ၁၀၀ ပေး၍ စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း ပြင်သစ်သတင်းဌာနတစ်ခုက ဇွန် ၃ ရက်တွင် ဖော်ပြထားသည်။

ပီအက်စ်ဂျီ အသင်းနည်းပြ ကားလို့စ် အန်ဆန်လော့တီကလည်း မန်ယူတိုက်စစ်မှူး ရွှန်းနီးကို အမြင့်ဆုံးဈေးပေး၍ ပီအက်စ်ဂျီအသင်းသို့ အရောက်ခေါ်ယူမည်ဟု လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻




***အင်္ဂလန်အသင်းနှင့် မန်ယူအသင်းတို့၏ တိုက်စစ်မှူး ရွှန်းနီး။***

## အနောက်တောင်မုတ်သုံလေဝင်ရောက်

**နေပြည်တော် ဇွန် ၄**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## မုတ်သုံအဝင် ပျော်ဘွယ်မီး

**ဇွန် ၄ ရက် ညနေ ၃ နာရီက ပျော်ဘွယ်မြို့ စည်ပင်သာယာ အမှတ်(၁) ဈေးရုံကြီးတွင် လျှပ်စစ် ဝါယာရှော့ကြောင့် မီးလောင်ကျွမ်းရာ ဆိုင်ခန်းပေါင်း ၂၀၀ ကျော် မီးလောင်ကျွမ်းခဲ့စဉ်။** *[မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီတွင် မီးညွှန့်ကျိုးသွားသည်။]* (ဇဇ)

